ရောင်းမှော်

The Mirror

Established in 1957

၁၃၇၅ ခုနှစ် ကျော်ခဲ့ သော် စောင်တည်ထောင်သည်။

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ တနလာနေ့ (16-12-2013) (၇၆၉၆)

မိုးရာသွန်းမှုအခြေအနေ

၁၅-၁၂-၂၀၁၃

ကျိုင်းတုံ	၃ ဒသမ ၅၈ လက်မ
မိုင်းဆတ်	၁ ဒသမ ၈၅ လက်မ
တောင်ငူ	၁ ဒသမ ၆၅ လက်မ
ပင်လောင်း	၁ ဒသမ ၅၀ လက်မ
ဘော်လခဲ	၁ ဒသမ ၂၂ လက်မ
ချောင်းဆုံ	သုည ဒသမ ၇၁ လက်မ

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ဂျပန်နိုင်ငံက ထောက်ခံ



တိုကျို ဒီဇင်ဘာ ၁၅

မြန်မာ-ဂျပန်နှစ်နိုင်ငံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်ရုံး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ဝဲပုံ)**

နှစ်နိုင်ငံဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ကဏ္ဍ၊ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းအလားအလာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ ဆက်သွယ်ရေးနှင့် စာတိုက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံ-ဂျပန်ဆက်ဆံရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် သဘောတူညီမှုစာချုပ်များ လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်နှင့် နှစ်နိုင်ငံဝန်ကြီးဌာနအကြား ကျန်းမာရေးကဏ္ဍ၌ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်တို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးတို့နှင့် ဂျပန်နိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးများက နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် နှစ်နိုင်ငံပူးတွဲ သတင်းစာရှင်းလင်းပွဲကိုကျင်းပရာ ဂျပန်နိုင်ငံဝန်ကြီးချုပ်က စီမံကိန်းလေးခုဖြစ်သော ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၊ ရန်ကုန်မြို့တော် ရေပေးဝေမှုဖွံ့ဖြိုးရေးစီမံကိန်း၊ သီလဝါဆိပ်ကမ်းအခြေခံအဆောက်အအုံများ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆**

သေနတ်ပစ်ပြိုင်ပွဲတွင် ဗီယက်နမ်နိုင်ငံအသင်းက ရွှေတံဆိပ်ဆုများ ဆက်လက်ဆွတ်ခူး

ရန်ကုန် ဒီဇင်ဘာ ၁၅

(၂၇)ကြိမ်မြောက် ဆီးဂိမ်းသေနတ်ပစ်ပြိုင်ပွဲ ငါးရက်မြောက်နေ့ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဏ်ဖြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ ဆက်လက်ကျင်းပရာ ဗီယက်နမ်နိုင်ငံ သေနတ်ပစ်အသင်းက တစ်ဦးချင်းနှင့် အသင်းလိုက် အမျိုးသား ၁၀ မီတာ လေပစ္စတိုပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများ ဆက်လက်ဆွတ်ခူးရရှိသွားကြသည်။

ယနေ့ပွဲစဉ်ဖြစ်သည့် အမျိုးသား ၁၀ မီတာ လေပစ္စတိုသေနတ်ပစ်ပြိုင်ပွဲ(အသင်းလိုက်)တွင် ဗီယက်နမ်နိုင်ငံအသင်းက ရမှတ် ၁၇၀၅ ဒသမ ၅၀ မှတ်ဖြင့် ရွှေတံဆိပ်ဆု၊ စင်ကာပူနိုင်ငံအသင်းက ရမှတ် ၁၇၀၃ ဒသမ ၄၆ မှတ်ဖြင့် ငွေတံဆိပ်ဆု၊ မလေးရှားနိုင်ငံအသင်းက ရမှတ် ၁၇၀၂ ဒသမ ၄၇ မှတ်ဖြင့် ကြေးတံဆိပ်ဆုရရှိခဲ့ပြီး တစ်ဦးချင်းပြိုင်ပွဲတွင် ဗီယက်နမ်နိုင်ငံမှ HOANG XUAN VINH က ရမှတ် ၁၉၉ ဒသမ ၇ မှတ်ဖြင့် ရွှေတံဆိပ်ဆု၊ မလေးရှားနိုင်ငံအသင်းမှ CHEW EDDY က ရမှတ် ၁၉၈ မှတ်ဖြင့် ငွေတံဆိပ်ဆု၊ စင်ကာပူနိုင်ငံအသင်းမှ LIN SWEE HON က ရမှတ် ၁၇၆ ဒသမ ၅ မှတ်ဖြင့် ကြေးတံဆိပ်ဆုတို့ ရရှိခဲ့ကြသည်။ ဒီဇင်ဘာ ၁၆ ရက်တွင် အမျိုးသမီး ၂၅ မီတာ လေပစ္စတိုပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမျိုးသားတစ်ဦးချင်း လေပစ္စတိုပြိုင်ပွဲအားကစားသမားများ ယှဉ်ပြိုင်ကြစဉ်။

ကြားမုံစာတည်းရှေ့ **၁၆-၁၂-၂၀၁၃၊ တနင်္လာနေ့**

ဂေဟစနစ်ရှင်သန်ဖွံ့ဖြိုး

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် မြို့ပြများဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သကဲ့သို့ ပြည်နယ်/တိုင်းဒေသ၊ မြို့နယ်များသာမက နယ်စပ်ဒေသများပါ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပါသည်။ ယင်းမှာ ထိုနိုင်ငံရှိလူတို့ဖွံ့ဖြိုးမှုနှင့်အတူ လူအများမှီတင်းနေထိုင်ရာဝန်းကျင်ရှိ ဂေဟစနစ်များရှင်သန်ဖွံ့ဖြိုးရန်အတွက်လည်း လိုအပ်ပြီး ဂေဟစနစ်ဖွံ့ဖြိုးမှ နယ်မြေဒေသအလိုက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ဂေဟစနစ်သည် လူသားတို့အား အကျိုးပြုလျက်ရှိရာ အဆိုပါဂေဟစနစ်တွင်ပါဝင်သည့် ရေတိမ်ဒေသသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးနှင့် မရှိမဖြစ်လိုအပ်သော နေရာဒေသများဖြစ်ပါသည်။ ကမ္ဘာမြေ၏ စတုရန်းကီလိုမီတာသန်းပေါင်း ၇ ဒသမ ၉သန်းသည် ရေတိမ်ဒေသများဖြစ်ပြီး ထိုရေတိမ်ဒေသ၏ သုံးပုံတစ်ပုံသည် အာရှတိုက်တွင် တည်ရှိပါသည်။

ရေတိမ်ဒေသဆိုသည်မှာ ရွှံ့ညွှန်တောများ၊ ပုပ်သိုးဆွေးမြည့်နေသည့် သစ်ရွက်များပါရှိသော ရေဝပ်မြေများ၊ သဘာဝအားဖြင့်လည်းကောင်း၊ လူတို့ဖန်တီးထားမှုကြောင့်လည်းကောင်း ဖြစ်ပေါ်နေသော ရေသေ၊ ရေရှင်၊ ရေချို၊ ရေငန်တည်ရှိရာပတ်ဝန်းကျင်၌ ရေကျချိန်တွင် ၁၈ ပေထက်မနက်သော ရေရောက်တောများကိုခေါ်ဆိုခြင်းဖြစ်သည်။

ထိုအရပ်ဒေသများတွင် ရေနေအပင်များ၊ နို့တိုက်သတ္တဝါများ၊ ငါးမျိုးစိတ်များ၊ ကုန်းနေ၊ ရေနေသတ္တဝါများ၊ တွားသွားသတ္တဝါများနှင့် ရေပျော်ငှက်မျိုးစိတ်များ ရှင်သန်ပေါက်ပွားကြပါသည်။ ထိုရေတိမ်ဒေသများတွင် လူတို့၏ လူမှုစီးပွား ဖွံ့ဖြိုးရေးအတွက် ဆေးဝါး၊ သားငါး၊ ပုစွန်စသော စားနပ်ရိက္ခာများရရှိစေနိုင်သည့် အရေးပါသော သက်ရှိအထောက်အပံ့စနစ်များတည်ရှိပါသည်။

လူနှင့်ပတ်ဝန်းကျင်မှာ အပြန်အလှန်အမှီသဟဲပြုနေပြီး လူတို့ရပ်တည်နေထိုင်ဖွံ့ဖြိုးနိုင်ရန်အတွက် ဂေဟစနစ်များရှင်သန်ကောင်းမွန်နေရန်လိုအပ်ပါသည်။ လူတို့ဖွံ့ဖြိုးမှုများကို အလေးထားမြှင့်တင်နေကြသလို ဂေဟစနစ်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူတို့ကပင် ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ပါသည်။

ဂေဟစနစ်များ၏ လူတို့ကိုအကျိုးပြုပုံမှာ များပြားလှပါသည်။ ရေသယံဇာတကို ထိန်းချုပ်နိုင်ခြင်း၊ မြစ်ချောင်းတို့၏ ရေကြီးရေလျှံခြင်းကို ကာကွယ်နိုင်ခြင်း၊ ကမ်းခြေတည်ငြိမ်မှုနှင့် ရေတိုက်စားမှုကို ကာကွယ်နိုင်ခြင်း၊ မြေအောက်ရေစနစ်ကို ထိန်းသိမ်းနိုင်ခြင်း၊ ရေအောက်အပင်၊ ရေနေသတ္တဝါတို့ကြောင့် ရေကိုကြည်လင်သန့်စင်စေခြင်း၊ ရေသယံဇာတများကို ထုတ်လုပ်ပေးနိုင်ခြင်း၊ လူသားဝန်းကျင်၏ အနှယ်အမှုန်များနှင့် စွန့်ပစ်ပစ္စည်းများကို ထိန်းသိမ်းပေးနိုင်ခြင်း၊ ရာသီဥတုကိုမျှတစေခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။

ထို့အပြင် ရေတိမ်ဒေသများတွင်တည်ရှိသော ဒေသဆိုင်ရာ ရိုးရာယဉ်ကျေးမှုများ၊ သဘာဝရှုခင်းအလှအပများနှင့် သားငှက်တိရစ္ဆာန်တို့သည် ထိုဒေသသို့ရောက်လာကြသောလူတို့၏ စိတ်အာရုံကို ရွှင်လန်းအပန်းဖြေနိုင်ခြင်းနှင့် သဘာဝအခြေခံဓရီးသွားလုပ်ငန်းဖွံ့ဖြိုးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများဖြစ်စေနိုင်ပါသည်။

ရေတိမ်ဒေသများပျက်စီးရခြင်းအကြောင်းမှာ စိုက်ပျိုးမြေများတိုးချဲ့ခြင်း၊ စိုက်ပျိုးရေးအတွက် ရေအလွန်အကျွံထုတ်ယူခြင်း၊ လူနေအိမ်ခြေများ တိုးချဲ့ထူထောင်ခြင်း၊ ထင်းမီးသွေးအဖြစ်အသုံးပြုခြင်း၊ အမဲလိုက်ခြင်း၊ တားမြစ်ပိတ်ပင်ထားသည့် နည်းလမ်းဖြင့်ငါးဖမ်းခြင်း၊ နည်းမျိုးစုံဖြင့် သဘာဝပတ်ဝန်းကျင်အား ညစ်ညမ်းစေခြင်းတို့ ဖြစ်ပါသည်။

ဒီရေရောက်တောများမှာ သဘာဝရေလွှမ်းမှုနှင့် မုန်တိုင်းဒဏ်များမှ အကာအကွယ်ပေးနိုင်သည်ကို မြစ်ဝကျွန်းပေါ်ဒေသခံပြည်သူများသိရှိကြပါသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးယိုယွင်းသွားခဲ့ရာ ကျင်းပဆဲ အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေးတွင် ဂျပန်နိုင်ငံအစိုးရက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဒီရေတောများ ပြန်လည်ထူထောင်ရေးအတွက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အကူအညီပေးရေးသဘောတူညီမှုရခဲ့သဖြင့် မြန်မာနိုင်ငံအတွက် အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေပါသည်။

ထို့ကြောင့် လူသားအကျိုးပြုရေတိမ်ဒေသတောများ ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်၏ အကူအညီအထောက်အပံ့များကိုရယူပြီး ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းပါသည်။ ။

နိုင်ငံခြားသားဧည့်သည်ရောက်ရှိလာမှု ပိုမိုတိုးတက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၅

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့သို့ရောက်ရှိပြီး မန္တလေးမြို့ ရွှေပြည်သာဟိုတယ်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။**(ဝဲဝဲ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ယခုအချိန်တွင် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့်အတူ နိုင်ငံခြားသားဧည့်သည်ရောက်ရှိမှုမှာလည်း ပိုမိုတိုးတက်လျက်ရှိရာ ယခုအချိန်တွင် မြန်မာနိုင်ငံသို့ဝင်ပေါက်အသီးသီးမှ နိုင်ငံခြားသားဧည့်သည် တစ်သန်းရှစ်သိန်းအထိဝင်ရောက်လျက်ရှိပြီး နှစ်ကုန်တွင် နှစ်သန်းနီးပါးခန့် ရောက်ရှိမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် နိုင်ငံခြားသားဧည့်သည် သုံးသန်းအထိ ရောက်ရှိအောင် အားလုံးပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းသဘာဝအရ ကြယ်ငါးပွင့်ဟိုတယ်မှ လမ်းဘေးစျေးဆိုင်အထိ အကျိုးဖြစ်ထွန်းမှုရှိကြောင်း။

သို့ရာတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအကြောင်းတစ်ရပ်ဖြစ်သည့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း၊ ထို့အတွက် မိမိတို့ လုပ်ဆောင်သင့်သည်များကို ခရီးသွားလုပ်ငန်းပင်မစီမံကိန်းတွင် တိကျစွာ ဖော်ပြထားကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို နိုင်ငံခြားအဖွဲ့အစည်းများ၏ အကူအညီများရယူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းပြည်အေးချမ်းသာယာမှုပေါ်တွင် မူတည်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ လူမှုစီးပွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ကိုင်နိုင်မှာဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် လာရောက်ယှဉ်ပြိုင်ကြသည့် အမျိုးသမီးဘောလုံးအားကစားသမားများ တည်ခိုနေထိုင်လျက်ရှိသည့် ရွှေဖြူဟိုတယ်နှင့် ဂရိတ်ဝေါ်ဟိုတယ်များသို့ သွားရောက်ကာ နေ့လယ်စာသုံးဆောင်နေကြသော အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းနှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၁၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပန်ဒါဟိုတယ်၌ ကျင်းပသော မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၏ (၁၁)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည် အစည်းအဝေးတွင် အမှာစကားပြောကြားရာ၌ ရွှေလုပ်ငန်းလုပ်ကိုင်နေသူများ၏လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုရှိစေရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိစေရေးတို့အတွက် အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြပြီး ရွှေလုပ်ငန်းရှင် အသင်းကြီး၏ ဦးဆောင်မှု၊ ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၏ ပံ့ပိုးကူညီမှု၊ ပုဂ္ဂလိကအသင်းများ၏ အချင်းချင်းပူးပေါင်းဆောင်ရွက်မှုများကို ထင်ဟပ်စေမည်ဖြစ်ကြောင်း၊ ရွှေလုပ်ငန်းရှင်များ အသင်းအနေဖြင့် ရွှေတူးဖော်ထုတ်လုပ်မှု၊ ပြုပြင်မွမ်းမံအချောကိုင်မှု၊ ရောင်းဝယ်မှုလုပ်ငန်းများ ခေတ်မီတိုးတက်ရေး၊ စံချိန်စံညွှန်းမီပြီး သမာသမတ်ကျသည့် စျေးနှုန်းများဖြင့် မှန်ကန်စွာရောင်းချနိုင်ရေး၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးအတွက် နိုင်ငံတော်အဖွဲ့အစည်းများနှင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ရေး၊ အသင်းသားများအတွက် အကျိုးရှိနိုင်သော ရွှေလုပ်ငန်းနှင့် ဆက်စပ်သက်ဆိုင်သည့် ပညာပေး ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ သင်တန်းများကျင်းပပေးပြီး သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ရေးတို့ကို ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အသင်းမှာ ပါဝင်ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ရွှေလုပ်ငန်းရှင်အသင်းအဖွဲ့များ ပိုမိုတိုးတက်လာစေရန်နှင့် အောက်ခြေအသင်းအဖွဲ့များ ယုံကြည်ကိုးစားမှုပိုမို ရရှိလာစေရန် အတွက် သတင်းအချက်အလက်နှင့်နည်းပညာ ပိုင်းဆိုင်ရာများ၊ စည်းမျဉ်းစည်းကမ်းပိုင်းများ၊ အသင်းအဖွဲ့များ၏ အခက်အခဲများကို လက်တွဲပံ့ပိုးအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆူဇူကီးစက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာ

တိုကျို ဒီဇင်ဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် တိုကျိုမြို့မှ အမြန်ရထားဖြင့် ဂျပန်နိုင်ငံ ဟာမားမတ်စုမြို့ရှိ ဆူဇူကီးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ ဆူဇူကီးကုမ္ပဏီဥက္ကဋ္ဌ Mr. Osamu Suzuki နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(ယာပုံ)**

ရင်းနှီးမြှုပ်နှံ

ဆူဇူကီးကော်ပိုရေးရှင်းသည် ဂျပန်နိုင်ငံတွင် ကုမ္ပဏီခွဲပေါင်း ၇၆ ခုနှင့် ကမ္ဘာအနှံ့တွင် ကုမ္ပဏီရုံးခွဲပေါင်း ၆၅ ခုကို ဖွင့်လှစ်ထားသည်။ ဆူဇူကီးကော်ပိုရေးရှင်းသည် မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ခုနစ်သန်းဖြင့် (၁၀၀)ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းများကို ၂၀၁၃ ခုနှစ် မေလမှစတင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဟာမားမတ်စုမြို့မှ အမြန်ရထားဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် နာဂိုယာမြို့ရှိ ခေတ္တတည်းခိုမည့် Marriot Nagoya Associa ဟိုတယ်သို့ ရောက်ရှိသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များအား နာဂိုယာမြို့မှ စီးပွားရေးလုပ်ငန်းရှင်များက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နာဂိုယာမြို့မှ စီးပွားရေးလုပ်ငန်းရှင်များက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် တက်ရောက်လာသူများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားစက်ဘီးစီး တစ်ဦးချင်း ကီလိုမီတာ ၅၀ တာဝေးပြိုင်ပွဲ ဖိလစ်ပိုင် ရွှေတံဆိပ်ဆု ဆွတ်ခူး

နေပြည်တော် ဒီဇင်ဘာ ၁၅

သတင်း- အောမ်းစိုး
ဓာတ်ပုံ- အာကာ (နေပြည်တော်)

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် လူအများစိတ်ဝင်စားသည့် အားကစားနည်းတစ်ခုဖြစ်သော စက်ဘီးစီးပြိုင်ပွဲကို ထည့်သွင်းကျင်းပလျက်ရှိရာ ယနေ့ မွန်လွဲပိုင်းတွင် အမျိုးသားစက်ဘီးစီး တစ်ဦးချင်း ကီလိုမီတာ ၅၀ တာဝေးစံချိန်ပြိုင်ပွဲကို နေပြည်တော် ဘောဂသီရိကားဝင်းအနီး ကျင်းပခဲ့ရာ ဖိလစ်ပိုင်နိုင်ငံမှ စက်ဘီးစီးအားကစားသမား ကျော်နံပါတ် ၅၇ ဂါလီဒိုမက်ဂျွန်လက်ဆာပီက ၁ နာရီ ခုနစ်မိနစ်ဖြင့် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိသွားခဲ့သည်။

ယင်းပြိုင်ပွဲကို နေပြည်တော် ဘောဂသီရိကားဝင်းအနီး နှင်းဆီပန်းအဝိုင်းမှ စတင်တာလွှတ်ပြီး ခွာညှိပန်းအဝိုင်းမှတစ်ဆင့် နှင်းဆီပန်းအဝိုင်းမှာပင် ပြန်လည်ပန်းဝင်စေခဲ့ပြီး ဒုတိယဌေးတံဆိပ်ဆုကို ကျော်နံပါတ် ၁၁ အင်ဒိုနီးရှားနိုင်ငံမှ စက်ဘီးစီး အားကစားသမား မန်ရှုလန် ရော်ဘင်က ၁ နာရီ ခုနစ်မိနစ် ၃၈ စက္ကန့်ဖြင့် လည်းကောင်း၊ တတိယကြေးတံဆိပ်ကို ကျော်နံပါတ် ၅၈ ဖိလစ်ပိုင်နိုင်ငံမှ စက်ဘီးစီး အားကစားသမား အော်ရန်ဇာရိုနယ်ဒ်က ၁ နာရီ ခုနစ်မိနစ် ၅၀ စက္ကန့်ဖြင့်လည်းကောင်း ဆွတ်ခူးရရှိသွားခဲ့ကြသည်။

အမျိုးသားစက်ဘီးစီး တစ်ဦးချင်း ကီလိုမီတာ ၅၀ တာဝေးပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံမှ နှစ်ဦး၊ မြန်မာနိုင်ငံမှ နှစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ နှစ်ဦး၊ စင်ကာပူနိုင်ငံမှ နှစ်ဦး၊ မလေးရှားနိုင်ငံမှ နှစ်ဦး၊ ထိုင်းနိုင်ငံမှ နှစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ နှစ်ဦး၊ လာအိုနိုင်ငံမှ တစ်ဦး၊ဘရူနိုင်းနိုင်ငံမှ တစ်ဦး၊ တီမောလက်စ်တေနိုင်ငံမှ တစ်ဦး၊ ဗီယက်နမ်နိုင်ငံမှ တစ်ဦး စုစုပေါင်း စက်ဘီးစီးအားကစားသမား ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံမှ စက်ဘီးစီးအားကစားသမားနှစ်ဦးဖြစ်သည့် ကျော်နံပါတ် ၄၄ ကျော်ထွန်းဦးက ၁ နာရီ ၁၂ မိနစ် ၃၀ စက္ကန့်ဖြင့်အဆင့် ၁၀၊ ကျော်နံပါတ် ၄၀ သက်ပိုင်ထွေးက ၁ နာရီ ၁၈ မိနစ် ၄၉ စက္ကန့်ဖြင့် အဆင့် ၁၃ သာ ရပ်တည်နိုင်ခဲ့ကြပြီး ယနေ့ ပြိုင်ပွဲသို့ အားကစားဝါသနာရှင် ပရိသတ်များက လမ်းဘေးဝဲ၊ ယာတစ်လျှောက်တွင် လက်များဝှေ့ယမ်းကာ တစ်ခဲနက် လာရောက်အားပေးခဲ့ကြသည်။

ရွှေတံဆိပ်ဆုဆွတ်ခူးရရှိသွားသော ဖိလစ်ပိုင်နိုင်ငံမှ စက်ဘီးစီးအားကစားသမား ဂါလီဒိုမက်ဂျွန်လက်ဆာပီကို ဆုချီးမြှင့်နေစဉ်။

တစ်ပြည်လုံးတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ဒီဂရီဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ သီပေါမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ ကသာမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တစ်ပြည်လုံးတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

☆ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ပဲခူးအနောက်ခြမ်းဒေသ ဆည်ရေပေးမှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် ယန်းဂွေ ၆၃ ဒသမ၂ ဘီလီယံ အကူအညီပေးမည့် အခြေအနေနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများတွင် ဂျပန်နိုင်ငံက ပါဝင်ကူညီဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် သမ္မတကြီးဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဂျပန်နိုင်ငံက ထောက်ခံကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နှစ်နိုင်ငံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြားရင်းနှီးမြှုပ်နှံမှုဖြေလျှော့ရေး၊ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး သဘောတူစာချုပ် Bilateral Investment Agreement - BIA ကို လက်မှတ်ရေးထိုးနိုင်သည့် အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် မြန်မာ အားကစားအသင်းအတွက် အားကစားဝတ်စုံကို ဒီဇိုင်းတီထွင်ချုပ်လုပ်ပေးခဲ့မှုနှင့် ဆူဇုကီးဆိုင်ကယ်များ လျှုဒါန်းခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့ နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။
(သတင်းစဉ်)

နှစ်နိုင်ငံဝန်ကြီးဌာနအကြား ကျန်းမာရေးကဏ္ဍ၌ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်ကို ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးနှင့် ဂျပန်နိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးတို့ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

ဆီးဂိမ်းပြိုင်ပွဲ ပြေးခုန်ပစ်၊ လမ်းလျှောက်၊ ဂေါက်သီးရိုက်၊ စက်ဘီး၊ ကရာတေးဒိုပြိုင်ပွဲများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကီလိုမီတာ(၂၀)လမ်းလျှောက်ပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး ရွှေ့ရယ်မြန်မာဂေါက်ကလပ်၌ မြန်မာ့လက်ရွေးစင်အားကစားသမားများကို အားပေးစကားပြောကြားကာ ရွှေ့ရယ်မြန်မာဂေါက်ကွင်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရာဇဌာနီလမ်း နှင်းဆီပန်းအဝိုင်း၌ စက်ဘီးပြိုင်ပွဲကီလိုမီတာ(၃၀)တစ်ဦးချင်း စံချိန်ပြုအမျိုးသမီးပွဲစဉ် တာလွှတ်ခြင်းကိုကြည့်ရှုအားပေးပြီး ကီလိုမီတာ(၂၀)အမျိုးသား၊ အမျိုးသမီးလမ်းလျှောက်ပြိုင်ပွဲ ဆုချီးမြှင့်အခမ်းအနားသို့ တက်ရောက်ရာ ပြိုင်ပွဲတွင်ပထမဆုရမြန်မာမှ စောမာလာနွယ်၊ ဒုတိယဆုရ ဗီယက်နမ်နှင့်တတိယဆုရ မြန်မာမှ ကေခိုင်မျိုးထွန်းတို့အား အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် အာရှပြေးခုန်ပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးတို့ကလည်းကောင်း၊ အမျိုးသားပွဲစဉ် ပထမဆုရ အင်ဒိုနီးရှား၊ ဒုတိယဆုရ ဗီယက်နမ်နှင့် တတိယဆုရ မြန်မာမှ မျိုးသီဟတို့အား အာရှပြေးခုန်ပစ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတို့က လည်းကောင်း ဆုချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကရာတေးဒိုပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပီတန်းအမျိုးသားတစ်ဦးချင်း မြန်မာရှေ့ရရှိ

နေပြည်တော် ဒီဇင်ဘာ ၁၅

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ပီတန်း အားကစားနည်းအမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာအသင်းက ရွှေဆုရယူပေးနိုင်ခဲ့ပြီး အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ထိုင်းအသင်းကရွှေဆုရရှိခဲ့ကြောင်း သိရသည်။

ယနေ့တွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ယှဉ်ပြိုင်ကစားရာ ဆီမီးဖိုင်နယ်သို့ မြန်မာ၊ ထိုင်း၊ မလေးရှားနှင့် ကမ္ဘောဒီးယားအသင်းတို့ ရောက်ရှိခဲ့ကြပြီး မြန်မာနှင့်ထိုင်းအသင်း ယှဉ်ပြိုင်ကြရာတွင် မြန်မာအသင်းက ရွှေရရှိခဲ့ပြီး ထိုင်းအသင်းက ဒုတိယ၊ မလေးရှားနှင့် ကမ္ဘောဒီးယားအသင်းမှ အားကစားသမားတို့က တတိယဆုများ ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာအသင်းက ရွှေဆုကို ယမန်နေ့က ဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ဒီဇင်ဘာ ၁၅ ရက် ယနေ့ကျင်းပသည့် နှစ်ဦးတွဲပြိုင်ပွဲတွင်မူ ဆီမီးဖိုင်နယ်အဆင့်သို့ပင်တက်ရောက်နိုင်ခြင်းမရှိဘဲ ထိုင်း၊ ဗီယက်နမ်၊ မလေးရှားနှင့် ကမ္ဘောဒီးယားအသင်းတို့က ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီး ထိုင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကာ ထိုင်းအသင်းက ပထမ၊ ကမ္ဘောဒီးယားအသင်းက ဒုတိယ၊ မလေးရှားနှင့် ဗီယက်နမ်အသင်းတို့က တတိယဆုကို ပူးတွဲဆွတ်ခူးနိုင်ခဲ့သည်။**(ခင်ရတနာ)**

အမျိုးသား အလေးမ ၈၅ ကီလိုတန်းတွင် ထိုင်းအားကစားသမားမှ စံချိန်သစ် သုံးခုတင်

ရန်ကုန် ဒီဇင်ဘာ ၁၅

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ အလေးမပွဲစဉ် တတိယနေ့ကို ရန်ကုန်မြို့ သိမ်ဖြူ အားကစားရုံ၌ ဆက်လက်ကျင်းပရာ အမျိုးသား အလေးမ ၈၅ ကီလိုတန်းတွင် ထိုင်းအားကစားသမား Pitaya Tibnoke က ယခင်စံချိန်ဟောင်းသုံးခုကိုချိုး၍ ပွဲစဉ်တစ်ခုတည်းတွင် စံချိန်သစ် သုံးခုတင်ကာ ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

ၜင်းသည် ယခင်အရှေ့တောင်အာရှ အမျိုးသားအလေးမ ၈၅ ကီလိုတန်းတွင် ထိုင်းနိုင်ငံသား Tibnoke Pitaya က ယခင်ရရှိထားသော အမြန်မ ၁၄၉ ကီလို၊ နှစ်ဆင့်မ ၁၈၉ ကီလို၊ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်း ၃၃၈ ကီလိုတို့ကို ချိုးကာ စံချိန်သစ်တင်ခဲ့သည်။ ထိုင်းရွှေတံဆိပ်ဆုရှင် ရရှိခဲ့သော စံချိန်သစ်များမှာ အမြန်မတွင် ၁၅၁ ကီလို၊ နှစ်ဆင့်မတွင် ၁၉၀ ကီလို၊ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်း ၃၄၁ ကီလိုဖြင့် (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ အလေးမအားကစားပြိုင်ပွဲတွင် စံချိန်သစ် သုံးခုကို တစ်ပြိုင်နက်တည်း ပထမဆုံးရရှိခဲ့သူဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ အားကစားသမားနှစ်ဦး၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ တစ်ဦးစီ ယှဉ်ပြိုင်ကြသည်။ ဗီယက်နမ်နိုင်ငံက Tan Hoang Tai က ငွေတံဆိပ်နှင့် ထိုင်းနိုင်ငံမှ Suchat Somboon က ကြေးတံဆိပ် အသီးသီးရရှိခဲ့သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားအလေးမ ပထမနေ့ပွဲစဉ်များတွင် အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်းစံချိန်များကို အမျိုးသား(၅၆)ကီလိုတန်းတွင် ဗီယက်နမ်နိုင်ငံနှင့် အမျိုးသား(၆၂)ကီလိုတန်းတွင် အင်ဒိုနီးရှားနိုင်ငံတို့က စံချိန်သစ်များ တင်နိုင်ခဲ့သည်။ ဒုတိယနေ့ အမျိုးသားအလေးမပွဲစဉ်(၆၉)ကီလိုတန်းတွင် အင်ဒိုနီးရှားနိုင်ငံမှ အမြန်မတွင် စံချိန်သစ်တင်နိုင်ခဲ့သည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၁၅

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးအေးမင်းသိန်းနှင့် ပဂ္ဂလိကအာမခံကုမ္ပဏီများမှ မန်နေဂျင်းဒါရိုက်တာများ၊ အမှုဆောင်ဒါရိုက်တာများ လိုက်ပါလျက် ဂျပန်နိုင်ငံ၏ အာမခံလုပ်ငန်းများလေ့လာရန် ယမန်နေ့ ည ၁၀ နာရီ ၁၀ မိနစ်တွင် ဂျပန်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဂျပန်နိုင်ငံအထွေထွေအာမခံအသင်းချုပ်၏ ဖိတ်ကြားချက်အရ သွားရောက်ခြင်းဖြစ်ပြီး သက်တမ်းနှစ် (၁၀၀)ကျော်သော ဂျပန်အာမခံစျေးကွက်ကို လေ့လာခြင်းဖြင့် မြန်မာနိုင်ငံ၏ အာမခံစျေးကွက်ဖွံ့ဖြိုးမှုကို မျှားစွာအထောက်အကူပြုမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ NHK အသံလွှင့်မီဒီယာလုပ်ငန်းမှ Senior Commentator နှင့်အဖွဲ့အား လက်ခံတွေ့ဆုံပြီး မေးမြန်းချက်များပြန်လည်ဖြေကြား

တိုကျို ဒီဇင်ဘာ ၁၅

ဂျပန်နိုင်ငံ၌ ထိပ်သီးအစည်းအဝေးများတက်ရောက်ရန်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် တိုကျိုမြို့ Imperial ဟိုတယ် The Salon ခန်းမ၌ ဂျပန်နိုင်ငံ NHK အသံလွှင့်မီဒီယာလုပ်ငန်းမှ Senior Commentator ဖြစ်သူ Ms. Aiko Doden နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံပြီး မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။**(ယာပုံ)**

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ဂျပန်နိုင်ငံခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်သည် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာချစ်ကြည်ရင်းနှီးမှုဖလှယ်ရေးကောင်စီ ဥက္ကဋ္ဌ မစ္စတာ ကန်မတ်ဆူဇာဝါနှင့်အဖွဲ့ကို လည်းကောင်း၊ International University of Japan (IUJ) မှ ပါမောက္ခ ဦးမောင်အောင်မျိုးနှင့်အဖွဲ့ကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်**(အောက်ပုံ)**သည် JGC ကော်ပိုရေးရှင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ မစ္စတာ ယိုရှိဟီရိုချိဂဲဟိစနှင့် အဖွဲ့ကိုလည်းကောင်း၊ နံနက် ၈ နာရီခွဲတွင် နီခေးအကျိုးတူလုပ်ငန်းစုဥက္ကဋ္ဌ Mr. Yoshihiro Shigehisa နှင့် အဖွဲ့ကိုလည်းကောင်း၊ ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် အဖွဲ့ကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်သည် Sumitomo Corporation မှ ဒုတိယဥက္ကဋ္ဌ Mr. Minoura နှင့်အဖွဲ့ကိုလည်းကောင်း၊ Sompo Japan Insurance Inc မှ Mr. Ken go Sakurada နှင့် အဖွဲ့ကိုလည်းကောင်း၊ တိုကျိုမြို့ Imperial ဟိုတယ်၌ အသီးသီးလက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီးရှိ လမ်း/တံတားများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယကအဖွဲ့ အစည်းအဝေးကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရုံးရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်လွင်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များကို ညွှန်ကြားဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်-ညောင်တုန်းလမ်းအပိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ကြိမ်ပင်ဆည်-စက္ကော-ခနုဖြူ-ဇလွန်လမ်း မိုင်တိုင်(၁၀/၇)နှင့်(၁၀/၀)ကြား ဒု-အခြေခံလွှာခင်းကြိတ်ခြင်း၊ အခြေခံလွှာခင်းကြိတ်ခြင်း၊ အခြေခံလွှာခင်းခြင်း မိုင်တိုင် (၁၂/၆) နှင့် (၁၃/၀)ကြား Stabilizing နည်းဖြင့် ဆောင်ရွက်ပြီးစီးမှု မအူပင်-ကျိုက်လတ်-ဖျာပုံ-ဘိုကလေးလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၁၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီ လမ်း လုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင် (၉/၃)နှင့် (၉/၄) ကြား ကျုံစိန်တံတား တည်ဆောက်နေမှု၊ မိုင်တိုင်(၉/၅)နှင့် (၉/၆)ကြားတွင် မြေထိန်းနံရံ တည်ဆောက်ထားမှု၊ မိုင်တိုင်(၁၀/၁)နှင့် (၁၀/၂)ကြား မြေထိန်းနံရံတည်ဆောက်နေမှုနှင့် လမ်းတစ်လျှောက်ရှိ တံတားများ ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကဒုံကနီချောင်း လူကူးတံတား၊ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမင်းဝ-ဝါးခယ်မ-မြောင်းမြလမ်း လုပ်ငန်းနှင့် ကျွဲခြံရေကျော်တံတား တည်ဆောက်ရေး လုပ်ငန်း၊ဘိုကလေးတံတား တည်ဆောက်ရေးလုပ်ငန်း၊ ဖျာပုံ-ဘိုကလေးလမ်း၊ ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်း-ကော့မျှား-တွံတေးလမ်းနှင့် လှိုင်သာယာ-တွံတေးလမ်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၆-၁၂-၂၀၁၃(တနင်္လာနေ့)

၆:၀၃	တရားတော်	၇:၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"ချစ်အိပ်မက်ဆုံရာ"(အပိုင်း-၂၀)
၆:၃၅	ဗျိုးချစ်တပ်မတော်	၆:၂၀	သံစဉ်လမ်းကလင်းလက်ကြယ်
၈:၂၀	DVD Hits	၇:၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"ပန်းပန်လျက်ပါ"(အပိုင်း-၄)
၄:၃၀	ရင်မှာစွဲလမ်းတော်ဝင်ပန်း	၈:၀၀	မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"အာဂလူ" (အပိုင်း-၄)

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review)

မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန

(ယမန်နေ့မှအဆက်)

အဆင့်မြင့်ပညာရေးအား လေ့လာဆန်းစစ်ခြင်း

အဆင့်မြင့်ပညာရေးအား လေ့လာဆန်းစစ်ခြင်း၏ အဓိကလေ့လာဆန်းစစ်တွေ့ရှိချက်များမှာ (က) မိမိနိုင်ငံအတွက် လိုအပ်သည့်ပညာရေးလမ်းညွှန်သဘောတရားများကို လေ့လာဆန်းစစ်၍ အဆင့်မြင့်ပညာရေးကဏ္ဍတစ်ခုလုံးကို လွှမ်းခြုံနိုင်သော တက္ကသိုလ်ပညာရေးမူဝါဒတစ်ရပ် ချမှတ်ဆောင်ရွက်ရန်လိုအပ်လျက်ရှိခြင်း၊ (ခ) တက္ကသိုလ်ပညာရေးဥပဒေ (University Education Law)ကို ၁၉၆၄ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် ဥပဒေသစ်ရေးဆွဲအစားထိုးပြဋ္ဌာန်းကာ ၁၉၈၃၊ ၁၉၈၉ နှင့် ၁၉၉၈ ခုနှစ်များတွင် ပြန်လည်ပြင်ဆင်မှုပြုထားခဲ့ခြင်း၊ လက်ရှိကျင့်သုံးလျက်ရှိသော ဥပဒေဖြစ်ခြင်း၊ ခေတ်နှင့်လိုက်လျောညီထွေမှုရှိပြီး အဆင့်မြင့်ပညာရေးကဏ္ဍတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် ပညာရေးဥပဒေအဖြစ် ရေးဆွဲရန်လိုအပ်နေခြင်း၊ (ဂ) ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် သင်ယူမှုအခွင့်အလမ်းများ မျှတစွာရရှိစေရန်ရည်ရွယ်လျက် နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်သင်တက္ကသိုလ် အနည်းဆုံးတစ်ခုစီ ဖွင့်လှစ်သင်ကြားပေးလျက်ရှိခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ဘဏ္ဍာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ ပညာရပ်များအတွက် ဘွဲ့ရရှိသူများ ပိုမိုမွေးထုတ်ပေးနိုင်ရန် လိုအပ်နေသေးခြင်း၊ (ဃ) တက္ကသိုလ်ဝင် စာမေးပွဲရမှတ်၊ လက်ခံနိုင်သည့်ဦးရေနှင့် ကျောင်းသား ကျောင်းသူများ၏ ဦးစားပေးလျှောက်ထားမှုအလိုက် တက္ကသိုလ်ဝင်ခွင့်ပြုသောစနစ်ကို ကျင့်သုံးထားခြင်း၊ (င) အဆင့်မြင့်ပညာကဏ္ဍရှိ တက္ကသိုလ်၊ ကောလိပ်များ၏ အရည်အသွေးကို အကဲဖြတ်ရန်အတွက် အရည်အသွေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အညွှန်းကိန်းများ သတ်မှတ်၍ စစ်ဆေးဆောင်ရွက်လျက်ရှိခြင်း၊ (စ) Teacher Centered Approach ဖြင့် သင်ကြားခြင်းအစား Student Centered Approach, Conceptual Teaching and Learning Approach ဖြင့် သင်ကြားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရခြင်း၊ (ဆ) ပညာရေးဝန်ကြီးဌာနက လတ်တလောဆောင်ရွက်လျက်ရှိသော ရှေ့လုပ်ငန်းစဉ်များတွင် တက္ကသိုလ်များ၌ သင်ကြားရေးမဟာဌာန(Faculty)များ ဖွဲ့စည်းရေးလုပ်ငန်းအစီအစဉ်များ စီမံဆောင်ရွက်လျက်ရှိခြင်း၊ (ဇ) တက္ကသိုလ်ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးပိုမိုပြည့်ဝရေးအတွက် ပါရဂူဘွဲ့သင်တန်းများ တက်ရောက်စေခြင်း၊ သုတေသနလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေခြင်း၊ ပြည်တွင်းတွင်မက ပြည်ပနိုင်ငံများတွင် ကျင်းပသော ဆွေးနွေးပွဲများ၊ သင်တန်းများသို့ စေလွှတ်၍ စာတမ်းဖတ်ကြားမှုများ၊ ဆွေးနွေးမှုများကို ပြုလုပ်စေခြင်း၊ (ဈ) တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် Computer Training Centre, Resource Centre, Multimedia Lecture Room, Language Lab, e-library များကို တပ်ဆင်ထားရှိပြီး အသုံးပြုသင်ကြားလျက်ရှိကြောင်း သိရှိရခြင်း၊ မေးခွန်းလွှာများ ပြုစု၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များသို့ ပေးပို့မေးမြန်းရာမှရရှိသော အချက်အလက်များအရ ကွန်ပျူတာ၊ e-library နှင့် internet အသုံးပြုနိုင်မှုအခြေအနေနှင့်ပတ်သက်၍ အသင့်အတင့်သုံးစွဲနိုင်ကြောင်း သိရှိရခြင်း၊ (ည) မြန်မာနိုင်ငံအနေဖြင့်လည်း မိမိနိုင်ငံလုပ်သားများ၏ အလုပ်အကိုင်ရရှိမှုအခွင့်အလမ်း၊ အရည်အသွေးမြင့်မားရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးရည်ရွယ်၍ အမျိုးသားအဆင့် အရည်အသွေးမူဘောင်(National Qualification Framework)ကို ထူထောင်ရန် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်၍ စတင်ဆောင်ရွက်နေပြီဖြစ်ခြင်း၊ (ဋ) တက္ကသိုလ်များအတွက် ဘတ်ဂျက်ခွဲဝေမှုနှင့် သုံးစွဲခွင့်သတ်မှတ်ထားရှိမှုတို့မှာ အကန့်အသတ်ဖြစ်နေသေးခြင်း၊ (ဌ) တက္ကသိုလ်များရှိ အဆင့်ဆင့်သော ဌာနအကြီးအကဲများ(ဌာနမှူး၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခချုပ်စသည်)ကို အထက်အဖွဲ့အစည်းအသီးသီးက ခန့်အပ်တာဝန်ပေးသောစနစ်ကို ကျင့်သုံးလျက်ရှိခြင်း၊ (ဍ) နိုင်ငံခြားတက္ကသိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်သည့်ကိစ္စ(ဥပမာ- နားလည်မှု စာချွန်လွှာရေးထိုးခြင်း)များကို အဆင့်ဆင့်ဆောင်ရွက်ရာတွင် ပိုမိုမြန်ဆန်မှုရှိစေရန် လိုအပ်ခြင်းတို့ဖြစ်ပါသည်။

ဦးစားပေးဆောင်ရွက်ရန်ထောက်ခံအကြံပြုချက်များမှာ (က) အဆင့်မြင့်ပညာရေးကဏ္ဍတစ်ခုလုံးကို လွှမ်းခြုံနိုင်ပြီး ခေတ်နှင့်လိုက်လျောညီထွေမှုရှိသော တက္ကသိုလ်ပညာရေးမူဝါဒတွင် အောက်ပါတို့ကိုထည့်သွင်းစဉ်းစားပေးပါရန်၊ (၁) ပညာသင်ကြားရေးစနစ်သည် စီးပွားရေးစနစ်၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဆက်စပ်မှုရှိစေရေး ဆောင်ရွက်သွားရန်၊ (၂)နိုင်ငံ၏ ရုပ်ဝတ္ထုအရင်းအမြစ်များနှင့် လူသားအရင်းအမြစ်များကို အကောင်းဆုံးဆက်စပ်၍ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကို စဉ်ဆက်မပြတ်တိုးတက်စေရန်အတွက် အဝေးသင်တက္ကသိုလ်အပါအဝင် ပညာရေး သင်ကြားရေးကဏ္ဍတစ်ခုလုံးအနေဖြင့် လိုအပ်နေမှုများ၊ ပိုလျှံနေမှုများမရှိစေရေး ညှိနှိုင်းပေးသည့်စနစ်တစ်ခု ဖော်ဆောင်သွားရန်၊ (၃)နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲတမ်းဆန်းသစ်တီထွင်ကြံဆနိုင်ရန် လိုအပ်ချက်ကိုဖြည့်ဆည်းပေးရန် ပညာရှင်များကို မွေးထုတ်ရန်လိုအပ်သကဲ့သို့ နိုင်ငံ၏စိတ်ပိုင်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုထိန်းသိမ်းနိုင်သည့် အသိပညာရှင်၊ အတွေးအခေါ်ပညာရှင်များကိုလည်း မွေးထုတ်ပေးရန်၊ (ခ) ခေတ်နှင့်လိုက်လျောညီထွေမှုရှိပြီး ပညာရေးလုပ်ငန်းများဆောင်ရွက်နေသော ကဏ္ဍအားလုံးပါဝင်သည့် မြန်မာနိုင်ငံအမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းသွားရန်၊ (ဂ) လုပ်သားဈေးကွက် လိုအပ်ချက်ကိုလေ့လာ၍ လိုအပ်သောနယ်ပယ်အလိုက် အထူးပြုဘာသာရပ်များရွေးချယ်ပြီး ဘွဲ့၊ ဒီပလိုမာအပ်နှင်းပေးနိုင်သည့် သင်တန်းများတိုးချဲ့ဖွင့်လှစ်သွားရန်၊ (ဃ) လက်ရှိစစ်ဆေးနေသော အခြေခံပညာအထက်တန်းအဆင့်ပြီးမြောက်ခြင်း စာမေးပွဲ (High School Leaving Examination)ကို သက်မွေးပညာရေး ဆက်လက်သင်ကြားနိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန် အသိအမှတ်ပြုဖြစ်လာစေရေးအတွက် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန်၊ (င) အာဆီယံနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော တက္ကသိုလ်၊ ကောလိပ်များအတွက် အရည်အသွေးအာမခံမှုစနစ်(Quality Assurance System)များကို မိမိတို့နိုင်ငံ၏ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်သွားရန်၊ (စ) Teacher Centered Approach ဖြင့် သင်ကြားခြင်းအစား Student Centered Approach, Conceptual Teaching and Learning Approach ဖြင့် သင်ကြားရန်အစီအစဉ်ကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ (ဆ) ပညာရေးဝန်ကြီးဌာနက လတ်တလောဆောင်ရွက်လျက်ရှိသော ရှေ့လုပ်ငန်းစဉ်များတွင် တက္ကသိုလ်များ၌ သင်ကြားရေးမဟာဌာန(Faculty)များ ဖွဲ့စည်းရေးလုပ်ငန်းအစီအစဉ်များကို ပြည်ထောင်စုလွှတ်တော်မှပြဋ္ဌာန်းမည့် တက္ကသိုလ်ပညာရေးဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ (ဇ) ဆရာ ဆရာမများ အရည်အချင်းတိုးတက်မှုရှိစေရန် နှစ်စဉ်ပညာသင်စေလွှတ်ခြင်း၊ သုတေသနစာတမ်းများ ပုံမှန်ပြုစုစေခြင်း၊ နိုင်ငံတကာဆွေးနွေးပွဲများတွင် အဆင့်မီစာတမ်းများဖတ်ကြားစေခြင်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သွားရန်၊ သင်ကြားရေးနည်းပညာ (Instruction Technology) သင်ပြပို့ချလေ့ကျင့်ရေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်ပေးရန်၊ (ဈ) သင်ထောက်ကူပစ္စည်းများ (စာအုပ်စာတမ်းနှင့် သုတေသနဂျာနယ်များ၊ စာကြည့်တိုက်များ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ) စသည်တို့ကို ပိုမိုပြည့်စုံစွာ ဖြည့်ဆည်းသွားရန်၊ ထိရောက်စွာ အသုံးပြုရေးကို ဆရာ ဆရာမများက ကြိုးကြပ်သွားရန်၊ ကွန်ပျူတာ၊ အင်တာနက်သုံးစွဲနိုင်မှုနှင့်ပတ်သက်၍ သင်ကြားရေးတွင် အထောက်အကူဖြစ်စေရန် လက်ရှိအခြေအနေထက် ပိုမိုပြည့်စုံအောင်ဆောင်ရွက်သွားရန်၊ (ည) အမျိုးသားအဆင့်အရည်အသွေးမူဘောင် (National Qualification Framework) တစ်ခုကို ထူထောင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံးပါဝင်လျက် ပညာရေးဝန်ကြီးဌာန သို့မဟုတ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှဦးဆောင်၍ ဆောင်ရွက်သွားရန်၊ (ဋ) နိုင်ငံအချို့တွင် တက္ကသိုလ်များအတွက် ဘတ်ဂျက်ချပေးရာ၌ One-line Budget (or) Lampsum Budget ချပေးသဖြင့် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့က လွယ်ကူလျင်မြန်စွာ ဆုံးဖြတ်သုံးစွဲနိုင်သဖြင့် တိုးတက်မှုကိုအထောက်အကူပြုနိုင်ပါရန် စဉ်းစားဆောင်ရွက်သွားရန်၊ (ဌ) တက္ကသိုလ်များရှိ အဆင့်ဆင့်သော ဌာနအကြီးအကဲများ (ဌာနမှူး၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခချုပ်စသည်)ကို လုပ်သက်သတ်မှတ်ချက်များအရသာမက စီမံခန့်ခွဲမှုထူးချွန်သော အရည်အသွေးများပေါ် မူတည်၍ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရန် အရည်အသွေးယှဉ်ပြိုင်နိုင်ရေး အခွင့်အလမ်းများကို ဖန်တီးသွားရန်၊ (ဍ) နိုင်ငံခြားတက္ကသိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်သည့်ကိစ္စများတွင် ဆောင်ရွက်ရန်အစီအစဉ်ကို တက္ကသိုလ်များအား ကြိုတင်ညွှန်ကြားထားခြင်း၊ တက္ကသိုလ်များ(အထူးသဖြင့် အတွေ့အကြုံရင့်ကျက်ပြီး တက္ကသိုလ်ကြီးများ)အား မိမိကိုယ်ပိုင်တီထွင်ကြံဆဆောင်ရွက်မှုဖြင့် ဆုံးဖြတ်ပိုင်ခွင့် အသင့်အတင့်ရရှိစေခြင်းတို့ ဆောင်ရွက်သွားရန်တို့ဖြစ်ပါသည်။

> **အဆင့်မြင့်ပညာကဏ္ဍရှိ တက္ကသိုလ်၊ ကောလိပ်များ၏ အရည်အသွေးကို အကဲဖြတ်ရန်အတွက် အရည်အသွေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အညွှန်းကိန်းများ သတ်မှတ်၍ စစ်ဆေးဆောင်ရွက်လျက်ရှိ**

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းအဆင့်(၂)တွင် ဆောင်ရွက်ရန်လျာထားသည့်လုပ်ငန်းများမှာ (က) တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ပုံနှိပ်စာအုပ်များ၊ အဝေးသင်တက္ကသိုလ်တို့၏ သင်ကြားသင်ယူမှုအခြေအနေများကို လေ့လာဆန်းစစ်ရန်၊ (ခ) တက္ကသိုလ်များတွင် လိုအပ်သည့်ပညာရပ်ဆိုင်ရာပစ္စည်းကိရိယာများကို လေ့လာဆန်းစစ်ရန်၊ (ဂ) ဗဟိုအဆင့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ရွာအဖွဲ့အစည်းအသီးသီး၏ အခန်းကဏ္ဍ၊ တာဝန်ဝတ္တရားနှင့် လုပ်ငန်းဆောင်ရွက်ပုံများကို လေ့လာဆန်းစစ်ရန်၊ (ဃ) လက်ရှိနှင့်အနာဂတ်တွင် ဆောင်ရွက်ဖွယ်ရှိသော ကဏ္ဍများဖြစ်သည့် ဥပဒေ၊ မူဝါဒရေးဆွဲရန်၊ စီမံကိန်းရေးဆွဲရန်၊ လေ့လာကြီးကြပ်ရန်၊ (င) စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ်၊ အရည်အသွေးအာမခံမှု၊ ဖွံ့ဖြိုးမှုဆိုင်ရာပံ့ပိုးမှုများအတွက် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဗဟိုအဆင့်မှဆောင်ရွက်နိုင်မည့် စွမ်းရည်ကိုလေ့လာဆန်းစစ်ရန်၊ (စ) စည်းမျဉ်း၊ လူသားရင်းမြစ်စီမံခန့်ခွဲမှု၊ ငွေကြေးစီမံခန့်ခွဲမှု၊ အရည်အသွေးအာမခံမှုအပါအဝင် တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်မည့် Institutional Manager ၏ စွမ်းဆောင်ရည်ကို လေ့လာဆန်းစစ်ရန်၊ (ဆ) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို လေ့လာဆန်းစစ်ရန်၊ (ဇ) လက်ရှိနှင့် ကြိုတင်တွက်ချက်ခန့်မှန်းထားသော ကျောင်းဝင်မှု၊ ကျောင်းထွက်မှု၊ လူဦးရေပုံစံ လေ့လာဆန်းစစ်ရန်၊ (ဈ) မေးခွန်းများပြုစု၍ ကွင်းဆင်းလေ့လာရန် လိုအပ်နေသော ကျန်ရှိသည့် အချက်အလက်များကို စုဆောင်းကာ ဆက်လက်လေ့လာဆန်းစစ်သွားရန်တို့ ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ချိန်ခါမဲ့မိုးကြောင့် ရေကြီးရေလျှံမှု ကျိုင်းတုံ၌ဖြစ်ပွား

ကျိုင်းတုံ ဒီဇင်ဘာ ၁၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ဒီဇင်ဘာ ၁၃ ရက်မှစတင်၍ မိုးရွာသွန်းခဲ့ပြီး ၁၄ ရက်နှင့် ၁၅ ရက်များတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မြို့နယ်နေရာအချို့တွင် ရေလျှံနစ်မြုပ်မှုကြုံတွေ့ခဲ့ရကြောင်း သိရသည်။**(ဝဲပုံ)**

အဆိုပါအချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ချောင်းများ၏ ကမ်းဘေးမြေနုကျွန်းများတွင် စိုက်ပျိုးထားသည့် ဆောင်းသီးနှံစိုက်ခင်းများ ရေဝင်နစ်မြုပ်မှုဒဏ် ကြုံတွေ့ရကြောင်း သိရသည်။ မြို့သစ်၊ မြေနိမ့်ရပ်ကွက်နေရာများ ဖြစ်သည့် ကျိုင်းလိတ်ရပ်ကွက်၊ ခွာညီဈေးနှင့် ဈေးဆိုင်များ၊ ရပ်ကွက်(၃)၊ ရပ်ကွက်(၄) တို့တွင် နေရာအချို့ နေအိမ်နှင့် ဈေးဆိုင်များ ရေဝင်နစ်မြုပ် ခဲ့သည်။ ဒီဇင်ဘာ ၁၄ ရက် ညနေ ၅ နာရီခွဲက မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဌာနပိုင် မိုင်းခွန်ရေအား လျှပ်စစ်စက်ရုံမှ ဓာတ်အားပေးစက် တစ်လုံး မိုးကြိုးထိမှန်ပျက်စီးသွားကြောင်းနှင့် လိုင်းသွယ်ကြိုးပြတ် တောက်သွားသည်ဟု တာဝန်ကျဝန်ထမ်းထံမှ သိရသည်။

ကျိုင်းတုံမြို့နယ်တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးနှင့် ကူညီကယ်ဆယ်ရေးကော်မတီများ အဆင်သင့်ဖွဲ့စည်းထားပြီးဖြစ်၍ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၅၁၃)**

စာပေမြင့်မှ လူမျိုးတင့်မည်

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ရန်ကုန်ဇန်)

သေနတ်ပစ်၊ ဟော်ကီ၊ အလေးမပြိုင်ပွဲများနှင့် ကာယဗလပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နေပြည်တော်ဇုန်၊ ရန်ကုန်ဇုန်၊ မန္တလေးဇုန်နှင့် ငွေဆောင်(ပုသိမ်)တို့တွင် ကျင်းပလျက်ရှိရာ ရန်ကုန်ဇုန်၌ ကျင်းပလျက်ရှိသော သေနတ်ပစ်ပြိုင်ပွဲ၊ ဟော်ကီပြိုင်ပွဲ၊ အလေးမပြိုင်ပွဲနှင့် ကာယဗလပြိုင်ပွဲများသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားသမားများ၊ အားကစားဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုရွှေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ကာယဗလပြိုင်ပွဲ အမျိုးသား ၉၀ ကီလိုတန်းတွင် ဒုတိယငွေတံဆိပ်ဆုရအောင်ဆွေနိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ယနေ့ကျင်းပသော ပြိုင်ပွဲများတွင် မြန်မာနိုင်ငံအနေဖြင့် ရန်ကုန်ဇုန် မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသော ကာယဗလပြိုင်ပွဲတွင် အမျိုးသား ၈၀ ကီလိုတန်းတွင် မြန်မာနိုင်ငံမှ မင်းဇော်ဦးက ပထမရွှေတံဆိပ်ဆု၊ ထိုင်းနိုင်ငံမှ ဒုတိယငွေတံဆိပ်ဆုနှင့် အင်ဒိုနီးရှားနိုင်ငံမှ တတိယကြေးတံဆိပ်ဆုတို့ကို လည်းကောင်း၊ အမျိုးသား ၉၀ ကီလိုတန်းတွင် မလေးရှားနိုင်ငံမှ ပထမရွှေတံဆိပ်ဆု၊ မြန်မာနိုင်ငံမှ အောင်ဆွေနိုင်က ဒုတိယငွေတံဆိပ်ဆုနှင့် ထိုင်းနိုင်ငံမှ တတိယကြေးတံဆိပ်ဆုတို့ကိုလည်းကောင်း ရရှိသွားပြီး မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲတွင် စုစုပေါင်း ရွှေတံဆိပ်နှစ်ဆု၊ ငွေတံဆိပ်နှစ်ဆု ရရှိသွားသည်။

ရန်ကုန်ဇုန် သိမ်ဖြူအားကစားရုံ၌ ကျင်းပသော အလေးမပြိုင်ပွဲ အမျိုးသမီး ၅၈ ကီလိုတန်းတွင် ထိုင်းနိုင်ငံက ပထမရွှေတံဆိပ်ဆု၊ ဖိလစ်ပိုင်နိုင်ငံက ဒုတိယ ငွေတံဆိပ်ဆုနှင့် ဗီယက်နမ်နိုင်ငံမှ တတိယ ကြေးတံဆိပ်ဆုတို့ကိုလည်းကောင်း၊ အမျိုးသား ၈၅ ကီလိုတန်းတွင် ထိုင်းနိုင်ငံမှ ပထမရွှေတံဆိပ်ဆု၊ ဗီယက်နမ်နိုင်ငံက ဒုတိယငွေတံဆိပ်ဆုနှင့် ထိုင်းနိုင်ငံက တတိယကြေးတံဆိပ်ဆုတို့ကို လည်းကောင်း၊ အမျိုးသမီး ၆၃ ကီလိုတန်းတွင် ထိုင်းနိုင်ငံက ပထမရွှေတံဆိပ်ဆု၊ အင်ဒိုနီးရှားနိုင်ငံက ဒုတိယ ငွေတံဆိပ်ဆုနှင့် ဗီယက်နမ်နိုင်ငံက တတိယကြေးတံဆိပ်ဆုတို့ကို လည်းကောင်း ရရှိသွားသည်။

ရန်ကုန်ဇုန် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ် အားကစားကွင်းတွင် ကျင်းပသည့် 10m Air Pistol Men Team ပြိုင်ပွဲတွင် ဗီယက်နမ်နိုင်ငံက ၁၇၀၅-၅ မှတ်ဖြင့် ပထမရွှေတံဆိပ်ဆု၊ စင်ကာပူနိုင်ငံက ၁၇၀၃-၄၆ မှတ်ဖြင့် ဒုတိယငွေတံဆိပ်ဆုနှင့် မလေးရှားနိုင်ငံက ၁၇၀၂-၄၇ မှတ်ဖြင့် တတိယကြေးတံဆိပ်ဆုကို လည်းကောင်း၊ 10m Air Pistol Men Qualification ပြိုင်ပွဲတွင် ဗီယက်နမ်နိုင်ငံက ၁၉၉-၇ မှတ်ဖြင့် ပထမရွှေတံဆိပ်ဆု၊ မလေးရှားနိုင်ငံက ၁၉၈-၀ မှတ်ဖြင့် ဒုတိယငွေတံဆိပ်ဆုနှင့် စင်ကာပူနိုင်ငံက ၁၇၆-၆ မှတ်ဖြင့် တတိယ ကြေးတံဆိပ်ဆုတို့ကို လည်းကောင်းရရှိသွားသည်။

ရန်ကုန်ဇုန် သိမ်ဖြူဟော်ကီကွင်းတွင်ကျင်းပလျက်ရှိသော ဟော်ကီအားကစားပြိုင်ပွဲ အမျိုးသားပွဲစဉ်(၃)တွင်မလေးရှားနိုင်ငံအသင်းက ဗီယက်နမ်နိုင်ငံအသင်းကို ၁၃ ဂိုး - ဂိုးမရှိဖြင့် လည်းကောင်း၊ အမျိုးသားပွဲစဉ် (၄)တွင် စင်ကာပူနိုင်ငံအသင်းက မြန်မာနိုင်ငံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကာယဗလပြိုင်ပွဲ အမျိုးသား ၈၀ ကီလိုတန်းတွင် ပထမရွှေတံဆိပ်ဆုရ မင်းဇော်ဦးအား ဆုပေးအပ်စဉ်။ (ဓာတ်ပုံ-စောသိန်းဝင်း)

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း(၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မဂ်လာခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဧည့်သည်တော်များသည် ဆီလုပ်ငန်းရှင်များ ခင်းကျင်းပြသထားသော ပြခန်းအား ကြည့်ရှုအားပေးကြသည်။ (ယာပုံ)

ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသိန်းဟန်က အမှာစကားပြောကြားပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။ ယင်းနောက် ၂၀၁၃-၂၀၁၅ အလုပ်အမှုဆောင်အဖွဲ့အသစ်၏ အမည်စာရင်းကို ရွေးကောက်ပွဲကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဦးမောင်မောင်က ဖတ်ကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးအတွက် လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် အဘက်ဘက်မှ ကူညီပံ့ပိုးကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။ ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းဦးဆောင်၍ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

WKM Authorized Money Changer
ငွေလဲကောင်တာ
BEST RATE
နိုင်ငံခြားငွေများကိုလဲလှယ်ပေးခြင်း
ဈေးကောင်းပေးဝယ်ခြင်း
အချိုသာဆုံးသောဈေးနှုန်းပြင့် ရောင်းချပေးခြင်း
Hot Line : 254337 ,245046
Facebook :www.facebook.com/wkmexchange
အမှတ် (၁၂၇)၊ (၂၀) လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၆-၁၂-၂၀၁၃ (တနလာနေ့)
[၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း(၁၄)ရက် (အဗိတ်နေ့)]

၆:၀၀	တောင်တန်းသာသနာပြုဆရာ တော်ကြီး၏ ပရိတ်တရားတော်
၁၁:၀၀	SEA Games ဇာတ်လမ်းတို "နှလုံးသားနှင့်ရင်း၍"
၁၁:၃၀	SEA Games ဂုဏ်ပြုအစီအစဉ်
၁:၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း၊ ဘော်လီဘောပြိုင်ပွဲ(အင်ဒိုနီးရှား အသင်းနှင့်မြန်မာအသင်း)(အမျိုးသမီး)
၂:၀၀	Sport News
၂:၃၀	ပြေးခုန်ပစ်ပြိုင်ပွဲ(ဗိုလ်လုပွဲ)(အမျိုးသား)
၆:၄၅	(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အင်ဒိုနီးရှားအသင်းနှင့်မြန်မာအသင်း)(အမျိုးသား)
၈:၄၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း၊ -ပြည်သူတို့ရဲ့စကားသံများ -SEA Games ဇာတ်လမ်းတို "ရွှေရောင်လွှမ်းသော အနာဂတ်ဆီသို့"

❖ **ကျောင်းမှ**

ဆက်လက်၍ ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကျင်းပရာ 45-50 Kg(A)Class ပြိုင်ပွဲ၌ ပထမရရှိသော မြန်မာမှ ဇေယာ၊ ဒုတိယရရှိသော အင်ဒိုနီးရှားမှ အားကစားသမား၊ ပုံးတွဲတတိယရရှိသော ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ အားကစားသမားများအား ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းက ဆုများဆီးမြှင့်သည်။

ပထမဆုရရှိသည့် မြန်မာအားကစားသမား ဇေယာအား(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ချက်ချင်ငွေသားဆု ခုနစ်သိန်းနှင့် ရွှေတောင် ဖွံ့ဖြိုးရေးကုမ္ပဏီမှ ငွေကျပ် သိန်း ၁၀၀ တိတိ ဆုများဆီးမြှင့်သည်။

ဆက်လက်၍ 60-65 Kg (D)Class ပြိုင်ပွဲမှ ဆုရရှိသည့် အားကစားသမားများဖြစ်ကြသည့် ပထမရရှိသောမြန်မာမှ ကျော်နိုင်ထွန်း၊ ဒုတိယရရှိသော မလေးရှားမှ အားကစားသမား၊ ပုံးတွဲတတိယရရှိသော ထိုင်းနှင့် အင်ဒိုနီးရှားမှ အားကစားသမားတို့အား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဆုများဆီးမြှင့်သည်။ ပထမဆုရရှိသော မြန်မာအားကစားသမား ကျော်နိုင်ထွန်းအား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ချက်ချင်းငွေသားဆု ခုနစ်သိန်းနှင့် ရွှေတောင်ဖွံ့ဖြိုးရေးကုမ္ပဏီမှ ငွေကျပ် သိန်း ၁၀၀ တို့အား ဆုများဆီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁၂-၂၀၁၃ ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ ၈ ကော်လံ ၅ တွင်ပါရှိသည့် အမျိုးသမီးဟော်ကီ ဒုတိယနေ့ပွဲစဉ် သတင်းတွင် စင်ကာပူ အသင်းက မြန်မာအသင်းကို နှစ်ဝိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်(အစား) နှစ်ဝိုး-တစ်ဝိုး ဖြင့် အနိုင်ရရှိသည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

ဌေဆောင် ဒီဇင်ဘာ ၁၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ရွက်လေ ပြိုင်ပွဲအဖွင့်ပွဲစဉ်များကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီတွင် စတင်ကျင်းပခဲ့ပြီး**(သာပဲ)** ပြိုင်ပွဲအမျိုးအစား (၁၂) မျိုးအား မြန်မာ၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲစည်းမျဉ်းများအရ ပြိုင်ပွဲ အမျိုးအစားတစ်ခုလျှင် ပြိုင်ပွဲငယ် ၁၂ ခုစီ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၅ ရက်တွင် ပထမနေ့ ပြိုင်ပွဲ ၁၂ မျိုးအတွက် ပြိုင်ပွဲ အမျိုးအစား တစ်ခုလျှင် ပြိုင်ပွဲငယ် သုံးခုစီ ယှဉ်ပြိုင်ပြီးစီးပြီဖြစ်သည်။ စတင်ယှဉ်ပြိုင်သော ပထမနေ့တွင် ပြိုင်ပွဲအမျိုးအစားအလိုက် ရပ်တည်မှုများ ထွက်ပေါ်လာပြီဖြစ်သော်လည်း ပြိုင်ပွဲပြီးဆုံးသည့် အချိန်မှသာ ဆုတံဆိပ်ရရှိမှု အခြေအနေများကို သိရှိနိုင်မည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦး ချင်းပြိုင်ပွဲများဖြစ်သော LASER STANDARD ပြိုင်ပွဲ အမျိုးသား ပြိုင်ပွဲတွင် မလေးရှားနိုင်ငံမှအဆင့် (၁)နေရာနှင့် မြန်မာနိုင်ငံမှ အဆင့် (၅)နေရာ၊ LASER RADIAL ပြိုင်ပွဲတွင် စင်ကာပူနိုင်ငံမှ အဆင့် (၁)နေရာ၊ ရေတွင်းပြိုင်ပွဲ အဆင့် (၄)နေရာ၊ RS ONE(BOY) ပြိုင်ပွဲတွင် စင်ကာပူနိုင်ငံမှ အဆင့် (၁)နေရာ၊ RS ONE(GIRL) ပြိုင်ပွဲ တွင် စင်ကာပူနိုင်ငံမှ အဆင့်(၁) နေရာနှင့် မြန်မာနိုင်ငံမှ အဆင့်(၃) နေရာ၊ OPTIMIST(BOY) ပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ အဆင့် (၁) နေရာနှင့် မြန်မာနိုင်ငံမှ အဆင့် (၂)နေရာ၊ OPTIMIST(GIRL) ပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ အဆင့်(၁) နေရာနှင့် မြန်မာနိုင်ငံမှ အဆင့် (၃)နေရာ၊ RS ONE (OPEN) ပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ အဆင့် (၁) နေရာနှင့် မြန်မာနိုင်ငံမှ အဆင့်(၆) နေရာ အသီးသီးရရှိထားသည်။

အမျိုးသား အမျိုးသမီးနှစ်ယောက် တွဲပြိုင်ပွဲများဖြစ်သော INT'L 420 (BOYS) အမျိုးသားပြိုင်ပွဲတွင် မလေးရှားနိုင်ငံမှ Mohamad Faizal Norizan နှင့် Ahmad Syukri Abdul Aziz တို့က အဆင့် (၁)နေရာနှင့် မြန်မာနိုင်ငံမှ မိုးခန့်သာ ဒင်လှမြင့်နှင့် သုရိန်ထွန်းဦးတို့က အဆင့်(၃)နေရာနှင့် INT'L 420 (GIRLS) အမျိုးသမီးပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ Nappakao Poonpat နှင့် Panida Suksomporn တို့က အဆင့်(၁)နေရာရရှိပြီး မြန်မာနိုင်ငံမှ ဝေပွင့်ဝါဘိုနှင့် သိဂီဝင်းရွှေတို့က အဆင့် (၃)နေရာရရှိသည်။ INT'L 470 (MEN) အမျိုးသားပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ Navee Thamsoont Orn နှင့် Nut Butmarasri တို့က အဆင့်(၁)နေရာနှင့် မြန်မာနိုင်ငံမှ အောင်မြင်သူနှင့် ဇေယာလှိုင်အတွဲက အဆင့်(၅)နေရာရရှိပြီး INT'L 470 (WOMEN) အမျိုးသမီး ပြိုင်ပွဲတွင် စင်ကာပူနိုင်ငံမှ Cecilia Low Rui Qi တို့က အဆင့် (၁) နေရာနှင့် မြန်မာနိုင်ငံမှ ဆုမြတ်စီးနှင့် နန်းခမ်းဆေးအတွဲတို့က အဆင့် (၂) နေရာအသီးသီးရရှိထားသည်။

ပြိုင်ပွဲများအား အမျိုးအစား အလိုက် ဒီဇင်ဘာ ၁၅ ရက်တွင် ပြိုင်ပွဲအမျိုးအစားပေါင်း ၁၁ မျိုး ပြီးလုပ်ခဲ့ပြီး နှစ်ယောက်တွဲပြိုင်ပွဲ ဖြစ်သော HALF RATER (OPEN) ပြိုင်ပွဲအား ရာသီဥတုအခြေအနေ အရ ယှဉ်ပြိုင်ခြင်းမပြုနိုင်ကြောင်း သိရသည်။ အဖွဲ့လိုက် ၁၅ နှစ်နှင့် ၁၅ နှစ်အောက်အဖွဲ့လိုက်ရွက်လေ ပြိုင်ပွဲများကိုမူ ဒီဇင်ဘာ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဌေဆောင်ကမ်းခြေတွင်ပြုလုပ်သော ပထမဦးဆုံးရွက်လေရွက်လွှင့်ပြိုင်ပွဲများ ပထမနေ့ ပြိုင်ပွဲအဆင့် ရပ်တည်မှုများထွက်ပေါ်

ဒေါက်တာ ဒီဗင်ဆင်

ဗိုလ်ချုပ်ကြီး

ဦးတင်ဆန်း

ဦးဝင်းမြင့်

ဦးမြင့်ဆွေ

ဦးမြင့်ကြီး

ဦးမြင့်ကိုကို

ဦးမြင့်ဆိုင်

ဦးမြင့်ကျော်

ဦးမြင့်ကျော်ဇော

ဦးမြင့်ကျော်ဝင်း

ဦးမြင့်ကျော်ရင်

ဦးမြင့်ကျော်ရင်ဆိုင်

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြ

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။ ။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။ ။ ။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။ ။ ။ ။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။ ။ ။ ။ ။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။ ။ ။ ။ ။ ။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။ ။ ။ ။ ။ ။ ။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။ ။

ဦးမြင့်ကျော်ရင်ဆိုင်ခဲ့ကြသည်။

ဗီယက်နမ်အမျိုးသားအသင်း လာအိုကို ငါးဂိုးပြတ်သွင်းယူ

သတင်းနှင့်ဓာတ်ပုံ - မောင်မောင်မြင့်ဆွေ

နေပြည်တော် ဒီဇင်ဘာ ၁၅

ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိရာ နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ဒီဇင်ဘာ ၁၅ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က ဒုတိယပွဲစဉ်အဖြစ် အုပ်စု(က)မှ လာအိုနှင့် ဗီယက်နမ်တို့ ယှဉ်ပြိုင်ကစားကြသည်။ **(အပေါ်ပို့)**

ဗီယက်နမ်အသင်း တိုက်စစ်မှူးများ အကြိမ်ကြိမ်ဝိုးသွင်းခွင့်ရရှိပြီး ကန်သွင်းခဲ့သော်လည်း ကန်ချက်များလွဲချော်နေမှု၊ လာအိုဂိုးသမားကာကွယ်နိုင်မှုတို့ကြောင့် ဂိုးမသွင်းနိုင်ဘဲဖြစ်ခဲ့သည်။ ပထမပွဲချိန်အပြီးတွင် ဗီယက်နမ်က နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဗီယက်နမ်မှ NGOC DUC SAM အနီကတ်ပြ အထုတ်ခံခဲ့ရသော်လည်း ပွဲအပြီးတွင် ဗီယက်နမ်က ငါးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိသွားသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနအတွက် ရုံးသုံးစက္ကူ၊ စာရေးကိရိယာ၊ မိတ္တူကူးစက်အရန်ပစ္စည်း၊ ကွန်ပျူတာအရန်ပစ္စည်းနှင့် စက်ဆီချောဆီဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးလုပ်ငန်းများတွင် အသုံးပြုရန်အတွက်အောက်ပါပစ္စည်းများ ဝယ်ယူလိုပါသည်။

(က)	ရုံးသုံးစက္ကူ၊စာရေးကိရိယာ	(၃၇)မျိုး
(ခ)	မိတ္တူကူးစက်အရန်နှင့် ကွန်ပျူတာအရန်ပစ္စည်း	(၂၃)မျိုး
(ဂ)	စက်ဆီ၊ချောဆီ	(၃)မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၉-၁၂-၂၀၁၃ ရက်မှ ၂၄-၁၂-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး ၂၇-၁၂-၂၀၁၃ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ လျှောက်လွှာများကို လက်ခံမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများသည် တင်သွင်းလိုသည့်အမျိုးအစား တစ်ခုချင်းအလိုက် သတ်မှတ်အာမခံကြေးကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် POစနစ်ဖြင့် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမူရင်းကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာမှာ ပြည်သူ့အင်အားဦးစီးဌာန ရုံးအမှတ်(၄၈)၊ နေပြည်တော်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အိတ်ဖွင့်တင်ဒါခေါ်ယူရေး၊ ဈေးနှုန်းစိစစ်ရေးနှင့် ပစ္စည်းဝယ်ယူရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နေပြည်တော်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်များရှိပါက ဖုန်း ၀၆၇-၄၃၁၀၆၆နှင့် ၀၆၇-၄၃၁၃၆၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးကြမည့် မိဘပြည်သူများအား မေတ္တာရပ်ခံပန်ကြားချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ကျင်းပမည်ဖြစ်ပါသည်။

၂။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခြင်းသည် ပွင့်လင်းတိုးတက်လာသည့် နိုင်ငံတော်သစ်၏ ပုံရိပ်ကို နိုင်ငံတကာအလယ်တွင် ဝင့်ကြွားထည်ဝါစွာ ထင်ဟပ်စေမည့်အပြင် နိုင်ငံ့ဂုဏ်၊ နိုင်ငံ့သိက္ခာကိုပါ တိုးတက်မြင့်မားစေမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပသည့်ကာလအတွင်း အောက်ပါအချက်များအား ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်-

(က) မြန်မာလူမျိုးတို့၏ ယဉ်ကျေးပျူဂ္ဂၢနွေးထွေးစွာ ကြိုဆိုဆက်ဆံတတ်သည့် ယဉ်ကျေးမှုဓလေ့ထုံးစံကို မြင်သာအောင် ပြသပေးကြပါရန်။

(ခ) ဧည့်သည်တော်နိုင်ငံနှင့် လူမျိုးတို့၏ ဘာသာနှင့်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံကိုလည်း လေးစားလိုက်နာကြပါရန်။

(ဂ) အားကစားပွဲများ ကြည့်ရှုအားပေးရာတွင် အားကစားစိတ်ဓာတ်ဖြင့် နိုင်ငံကြီးသားဝီသစွာ မျှတစွာကြည့်ရှုအားပေးကြပါရန်။

(ဃ) မူးယစ်စေတတ်သောဆေးဝါး၊ အရက်သေစာသောက်စား၍ လာရောက်ကြည့်ရှုအားပေးမှု၊ ဆဲဆိုအော်ဟစ်မှုပြုသူများအား ပိုင်းဝန်းထိန်းသိမ်းပေးကြပါရန်နှင့် တာဝန်ရှိသူများထံ အကြောင်းကြားပေးပါရန်။

(င) အများပြည်သူ၏ လုံခြုံရေးအတွက် လုံခြုံရေးအဖွဲ့များ၊ တာဝန်ရှိသူများ၏ သတ်မှတ်စည်းမျဉ်းများအတိုင်း စစ်ဆေးရှာဖွေမှုများတွင် လိုက်နာ၍ စိတ်ရှည်ကြည်ဖြူစွာ ခံယူလျက် ဝိုင်းဝန်းကူညီကြပါရန်။

(စ) အားကစားကွင်း၊ အားကစားရုံများသို့ ဝင်/ထွက်သည့်အခါ စည်းကမ်းတကျတန်းစီပြီး သတ်မှတ်လမ်းကြောင်းနေရာ အသီးသီးမှသာ ဝင်/ထွက်၍ သတ်မှတ်ထိုင်ခုံနေရာများမှသာ အားပေးကြပါရန်။

(ဆ) ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များညွှန်ပြသည့် လမ်းကြောင်းအတိုင်း ဝင်ရောက်၍ သတ်မှတ်ယာဉ်ရပ်နား နေရာများတွင်သာ ယာဉ်ရပ်နားကြပါရန်။

(ဇ) နိုင်ငံခြားသားဧည့်သည်တော်၊ အားကစားသမားများက တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အကူအညီတောင်းခံလာပါက တတ်နိုင်သမျှ ကူညီပေးပါရန်နှင့် လိုအပ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆက်သွယ်ကူညီဆောင်ရွက်ပေးပါရန်။

(စျ) မိမိပတ်ဝန်းကျင်တွင် မသက်ာဖွယ် လူ၊ ပစ္စည်းနှင့် အကြောင်းခြင်းရာ တွေ့ရှိပါက လုံခြုံရေး၊ တာဝန်ရှိသူများထံ ချက်ချင်း(ချက်ချင်း) အသိပေးကူညီကြပါရန်။

၄။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၏ ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနား၊ အားကစားကွင်းများနှင့် အားကစားရုံများသို့ လာရောက်ကြည့်ရှု အားပေးကြမည့် ပြည်သူလူထုအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်လာခြင်းမပြု(မပြု)ပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်-

(က) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် လက်နက်နှင့် ခဲယမ်းအမျိုးမျိုး။

(ခ) ပြည်သူများကို အနှောင့်အယှက်ဖြစ်စေပြီး ဘေးအန္တရာယ် ဖြစ်စေနိုင်သော ပစ္စည်းအမျိုးမျိုး။

(ဂ) လမ်းလျှောက်စကားပြောစက်များ၊ ကြားဖြတ်အသံလိုင်း ဖမ်းယူစက်၊ တယ်လီဖုန်းလိုင်းအား အနှောင့်အယှက်ပေးနိုင်သော ရေဒီယိုလှိုင်းထုတ်နိုင်သည့် ကိရိယာများ။

(ဃ) ခရာ၊ စပီကာကဲ့သို့ အသံဆူညံစွာဖြစ်စေသည့် ကိရိယာများ။

(င) Spray ဘူးများ၊ အရက်ပြန်ပုလင်းများကဲ့သို့ မီးလောင်လွယ်သော ပစ္စည်းများ။

(စ) လေဆာညွှန်တံများနှင့် အမြင်အာရုံကို ထိခိုက်စေမည့် မီးအလင်းရောင်ထွက်သည့် ပစ္စည်းများ။

(ဆ) အနှံ့အသက်ဆိုးရွားသောပစ္စည်းများ။

(ဇ) ဂရုတ်ကောင်းရည်၊ မျက်ရည်ယိုဆေးရည်ကဲ့သို့သော တစ်ကိုယ်ရေကာကွယ်ရေး ဖျန်းဆေးများ။

(စျ) အိမ်မွေးတိရစ္ဆာန်နှင့်အခြားတိရစ္ဆာန်များ။

(ည) အရွယ်အစားကြီးမားသည့် ဆိုင်းဘုတ်၊ ဦးထုပ်၊ ထီးများနှင့် အသုံးအဆောင်ပစ္စည်းကိရိယာများ။

(ဋ) အရေအတွက် ထုထည်ကြီးမားသော အစားအသောက်များ။

(ဌ) ပြိုင်ပွဲဝင်နိုင်ငံများမှအပ အခြားနိုင်ငံများ၏ အလံများ၊ အားကစားပွဲနှင့် သက်ဆိုင်ခြင်းမရှိသော ဆိုင်းဘုတ်၊ ပိုစတာ၊ စာရွက်စာတမ်းများ။

(ဍ) ကွမ်းယာထုပ်များ၊ ဘေးပတ်ဝန်းကျင်အား ညစ်ပတ်ပေကျံ နိုင်သော ပစ္စည်းများ။

၅။ ပြိုင်ပွဲကျင်းပမည့်နေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အားများ၊ CCTV နှင့် ခေတ်မီနည်းပညာအထောက်အကူပြုပစ္စည်းများ တပ်ဆင်ပြီး လုံခြုံမှုရှိစေရေးအတွက် စောင့်ကြပ်ကြည့်ရှုပေးသွားမည်ဖြစ်ပါကြောင်းနှင့် မိဘပြည်သူလူထုအားလုံးကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံလျက် ပန်ကြားအပ်ပါသည်။

အကူအညီတောင်းခံနိုင်သည့် ဖုန်းနံပါတ်များ

နေပြည်တော်	- ၀၆၇-စ၁၀၄၀စ၀၊ ၀၆၇-၅၅၀၂၀၀၊ ၀၆၇- ၅၅၀၂၀၂
	၀၆၇-၅၅၀၃၃၃၊ ၁၉၉
ရန်ကုန်	- ၀၆၇-စ၁၀၄၀၇၈၊ ၀၁-၂၃၀၄၄၀၁၊ ၀၁-၂၃၀၄၄၀၂
	၀၁-၂၃၀၄၄၀၃၊၀၁-၂၃၀၁၉၉၊၁၉၉
မန္တလေး	- ၀၆၇-စ၁၀၄၀၇၇၊ ၀၂-၃၆စ၇၁၊ ၀၂-၃၆စ၆၉၊၀၂-၃၉၆၃၅၊၀၂-၆၁၄၄၄၊၁၉၉
ပုသိမ်(ငွေဆောင်)	- ၀၆၇- စ၁၀၄၀၇၇၊ ၀၄၂-၂၅စ၂၂၊၀၄၂-၂၁၀၅၁၊
	၀၄၂-၂၃စ၄၄၊၀၄၂-၄၀၁စ၀၊ ၁၉၉

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ

YANGON MAKKAH TRAVELS & TOURS CO., LTD.
အင်္ဂလာအလှာမ် ၂၀၁၄ ခုနှစ် ဘဏ်ကြွေးအွမ်းရာ စီးပွားခရီးများ
၁။ ရန်ကုန် + ဆော်ဒီ အွမ်းရာ ဟိုးစင် (၁၃) ရက်
ထွက်ရက် ၁၁-၄-၂၀၁၄ ပြန်ရောက်မည့်ရက် ၂၃-၄-၂၀၁၄
၂။ စကပူ + ဆော်ဒီ အွမ်းရာ နန်နိုင်း ဟိုးစင် (၁၂) ရက်
ထွက်ရက် ၉-၄-၂၀၁၄ ပြန်ရောက်မည့်ရက် ၂၀-၄-၂၀၁၄
၃။ မလေးရှား + ဆော်ဒီ အွမ်းရာ နန်နိုင်း ဟိုးစင် (၁၅) ရက်
ထွက်ရက် ၉-၄-၂၀၁၄ ပြန်ရောက်မည့်ရက် ၂၀-၄-၂၀၁၄
၄။ ဘုတိုင်း + ဆော်ဒီ အွမ်းရာ နန်နိုင်း ဟိုးစင် (၁၅) ရက်
ထွက်ရက် ၉-၄-၂၀၁၄ ပြန်ရောက်မည့်ရက် ၂၀-၄-၂၀၁၄
၅။ ဗီယက်နမ် + ဆော်ဒီ အွမ်းရာ နန်နိုင်း ဟိုးစင် (၁၅) ရက်
ထွက်ရက် ၉-၄-၂၀၁၄ ပြန်ရောက်မည့်ရက် ၂၀-၄-၂၀၁၄
အင်္ဂလာအလှာမ် ခရီးတော်ပါဟိုးစင် ၅ နေ့ကျော်တွက် ၃၀-၁-၂၀၁၄ ရက်နေ့ နောက်ဆုံးထား
အပ်နှံရပါမည်။ နိုင်ငံခြားခရီးသွားများသောကြောင့် မှတ်နိုင်ပန်းနန်းအလျှောက် ပြန်ပါသည်။ ဟိုးစင်ကြေးအားလုံး
လိုက်ပါနိုင်ရန်အလျှောက် (၁-၁၂-၂၀၁၃)ရက်နေ့မတိုင်မီ လက်မှတ် ဆောင်ယူကိုင်ဆောင်ရန်ပါသည်။
အင်္ဂလာအလှာမ် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ လေယဉ်လက်မှတ်၊ အွမ်းရာဗီဇာများကို ဆောင်ရွက်ပေးနေပါသည်။
hajiwaseel.yangonmakkah@gmail.com
အမှတ် (၀၄၂) ဒုတိယ ထပ်၊ ကရင်တိတ်သန်း၊ မော်တာဆောင်ရိပ်သာနဲ့ပြည်ကန်ယံ၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၃၃၀၀၀ ၂၃၀၁၄၉ ၂၃၀၁၄၉ ၂၃၀၁၄၉

ဗြိတိသျှသူလျှိုတစ်ဦး အီရန်က ဖမ်းမိဟုဆို

တီဟီရန် ဒီဇင်ဘာ ၁၅

အီရန်နိုင်ငံက ၎င်းသည် ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ အမ်အိုင် ၆ အတွက် အလုပ်လုပ်ပေးလျက်ရှိသော သူလျှိုတစ်ဦးကို ကာမန်းမြို့ အရှေ့တောင်ပိုင်းတွင် ဖမ်းဆီးရမိကြောင်း ပြောကြားသည်ဟု စနေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

သူလျှိုဟုစွပ်စွဲခံရသူက ၎င်းသည်နိုင်ငံတွင်း၌လည်းကောင်း၊ နိုင်ငံခြားပြင်ပ၌လည်းကောင်း ဗြိတိသျှ ထောက်လှမ်းရေးအရာရှိများနှင့် ၁၁ ကြိမ်အဆက်အသွယ်ပြုလုပ်ခဲ့ကြောင်း ဝန်ခံခဲ့သည်ဟု ကာမန်းမြို့ တော်လှန်ရေးတရားရုံးအကြီးအကဲက ပြောကြားသည်။

မသိရသေး

တရားရုံးတော်၌ စစ်ဆေးစဉ် ၎င်းကဝန်ခံခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ စွပ်စွဲခံရသူသည် မည်သည့်နိုင်ငံသား ဖြစ်သည်ကိုမူ ယခုထက်တိုင် မသိရသေးပေ။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဗြိတိသျှ အစိုးရက မည်သည့်သဘောထားမျှမပေးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ပြန်လွှတ်ပေး

အီရန်နိုင်ငံက အစဉ်အလာအားဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ သူလျှိုများကို ဖမ်းမိကြောင်း ကြေညာလေ့ရှိပြီး တစ်လခန့်ကြာလျှင် စွဲချက်မတင်ဘဲ ပြန်လွှတ်ပေးသည်။

အီရန်နိုင်ငံ၏ ရှေးရိုးစွဲသတင်းဌာန တပ်(စ်) နင်မှ သတင်းများအဆိုအရ အဆိုပါစွပ်စွဲခံရသူသည် သူလျှိုလုပ်ငန်းကို ၁၀ လကြာမျှ လုပ်ဆောင်ပြီးနောက် အဖမ်းခံရခြင်းဖြစ်ပြီး လန်ဒန်မြို့၌ ဗြိတိသျှထောက်လှမ်းရေး အရာရှိများနှင့် တစ်ကြိမ်တွေ့ဆုံခဲ့သည်။

စွပ်စွဲခံရသူသည် အသက် ၅၀ နှစ်ကျော် ခေတ်ပညာတတ်တစ်ဦးဖြစ်ပြီး အင်္ဂလိပ်စကားကိုကောင်းမွန်စွာ ပြောနိုင်သော်လည်း အစိုးရ အမှုထမ်းတစ်ဦး မဟုတ် ပေ။

ယင်းသတင်းသည် အီရန်နှင့် ဗြိတိန်တို့ သံတမန်ဆက်သွယ်ရေး ပြန်လည်ထူထောင်ရန် ကြိုးစားနေချိန်နှင့် တိုက်ဆိုင်လျက်ရှိသည်။

ဘီဘီစီ။

ပြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်နှင့် ထိပ်တန်းတာဝန်ရှိသူများအား တွေ့ရစဉ်။

တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေသူ ပြောက်ကိုရီးယားနိုင်ငံသားများအား ပြန်လည်ဆင့်ခေါ်

ဆိုးလ် ဒီဇင်ဘာ ၁၅

ပြောက်ကိုရီးယားနိုင်ငံမှ ထိပ်တန်းနိုင်ငံရေးအာဏာရှိသူ ချန်ဆောင်သက်အား ရာထူးအားလုံးမှ ဖယ်ရှားကာ သုတ်သင်ခဲ့မှုအပြီးတွင် တရုတ်နိုင်ငံ၌ အလုပ်လုပ်ကိုင်နေသော ပြောက်ကိုရီးယားနိုင်ငံသားများအား မိခင်နိုင်ငံသို့ ပြန်လာကြရန် ပြောက်ကိုရီးယားနိုင်ငံက ခေါ်ယူခဲ့ကြောင်း တောင်ကိုရီးယားသတင်းဌာနများက ဖော်ပြသည်။

ယင်းကြေညာချက်သည် လက်ရှိပြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က တရုတ်နိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအား တစ်ဦးတည်းသဘောဖြင့် ဆောင်ရွက်ခဲ့သည့် ကွပ်မျက်ခံ ချန်ဆောင်သက်၏ လုပ်ရပ်များအား ဖယ်ရှားပစ်ရန်ရည်ရွယ်ပုံရသည်။

ပြောက်ကိုရီးယားနိုင်ငံ၏ လက်ရှိခေါင်းဆောင် ကင်ဂျုံအန်အနေဖြင့် ၎င်း၏အုပ်ချုပ်မှုအာဏာခိုင်မာတောင့်တင်းရေးအတွက် အကြမ်းဖက်လမ်းစဉ်ကို ကျင့်သုံးခြင်းဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက ယုံကြည်ထားသည်။

စိုးရိမ်ပူပန်

ချူကလီးယားလက်နက် ပိုင်ဆိုင်ထားသော ပြောက်ကိုရီးယားနိုင်ငံတွင် လက်ရှိခေါင်းဆောင်၏ ဦးရီးတော်စပ်ပြီး ပြောက်ကိုရီးယားနိုင်ငံ၏ အာဏာအများစုအား ခွဲဝေပိုင်ဆိုင်ထားသူတစ်ဦးအား ကွပ်မျက်ခဲ့ခြင်းဖြစ်ကြောင်း ယင်းနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုအပေါ် ကမ္ဘာ့နိုင်ငံအများက စိုးရိမ်ပူပန်လျက်ရှိသည်။

တရုတ်နိုင်ငံ အရှေ့ပြောက်ပိုင်းဒေသ မြို့များဖြစ်သော ရှန်ယန်းနှင့် ဒန်ဒေါင်းမြို့များရှိ ပြောက်ကိုရီးယားနိုင်ငံသား အလုပ်သမားများအား ပြောက်ကိုရီးယားနိုင်ငံမှ ပြန်လည်ခေါ်ယူခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။

အေပီ။

ယီမင်၌ ဂျပန်သံတမန် တိုက်ခိုက်ခံရ

ဆာနာ(ယီမင်) ဒီဇင်ဘာ ၁၅

ယီမင်နိုင်ငံတွင် လက်နက်ကိုင်လူတစ်စုက ဂျပန်သံတမန်တစ်ဦးကို ပြန်ပေးဆွဲရာတွင် မအောင်မြင်ဘဲ သံတမန်မှာဒဏ်ရာများရရှိသွားကြောင်း တနင်္ဂနေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မြို့တော်ဆာနာတွင် ပြန်ပေးဆွဲရန်ကြိုးစားရာ၌ အမည်မသိလူများက ဂျပန်သံရုံး ဒုတိယအတွင်းဝန်ကို ဓားဖြင့်ငါးချက်ထိုးခဲ့သည်ဟု သံရုံးကပြောသည်။

သံတမန်သည် ၎င်း၏ အိမ်ရှေ့၌ ပြန်ပေးဆွဲခြင်းခံရရာ ပြန်လည်ခုခံတိုက်ခိုက်ခဲ့သည်ဟု သတင်းများကဆိုသည်။ အခြားသော သတင်းတစ်ပုဒ်ကမူ သံတမန်မှာ ၎င်း၏ ကားအတွင်း၌ တိုက်ခိုက်ခြင်းခံရသည်ဟု ပြောသည်။

လွန်ခဲ့သောလအနည်းငယ်တွင် ယီမင်၌ နိုင်ငံခြားသားများကို တိုက်ခိုက်မှုမှာ အရှိန်မြင့်လာလျက်ရှိသည်။

ဘီဘီစီ။

တောင်အာဖရိကသမ္မတဟောင်း နယ်လ်ဆင်မန်ဒဲလား၏ ရုပ်ကလာပ်ကို ဇာတိနယ်မြေ၌ မြှုပ်နှံသင်္ဂြိုဟ်

ဂျိုဟန်နစ္စဘတ် ဒီဇင်ဘာ ၁၅

တောင်အာဖရိကနိုင်ငံ၏ ပထမဆုံးသော လူမည်းသမ္မတဟောင်း နယ်လ်ဆင်မန်ဒဲလား၏ရုပ်ကလာပ်ကို ဘာသာ ရေးနှင့် နိုင်ငံရေးနယ်ပယ်မှ ခေါင်းဆောင်များ၏ ဂါရဝပြုအခမ်းအနားများ ကျင်းပခဲ့ပြီးနောက်တွင် ဒီဇင်ဘာ ၁၅ ရက်က ၎င်း၏မွေးရာဇာတိနယ်မြေ၌ မြှုပ်နှံသင်္ဂြိုဟ်သည့် အခမ်းအနားတစ်ရပ်ကျင်းပခဲ့ကြောင်း ယနေ့သတင်းများ၌ ဖော်ပြသည်။

အဆိုပါအခမ်းအနားသို့ နယ်ဆင်လ်မန်ဒဲလား၏ ဇနီးသည် ဂရေ့စ်မာချယ်နှင့် တောင်အာဖရိကနိုင်ငံ သမ္မတ ဂျက်ကော့ဇူးမားတို့လည်း ကိုယ်ပိုင်အစီအစဉ်များနှင့် တက်ရောက်ခဲ့ကြပြီး ယင်းမြေမြှုပ်နှံသည့် စျာပနအခမ်းအနားကို တောင်အာဖရိကရိုးရာ အစဉ်အလာများနှင့်အညီ ကျင်းပခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ပြောကြား

တောင်အာဖရိကနိုင်ငံ သမ္မတ မစ္စတာ ဂျက်ကော့ဇူးမားက ကွယ်လွန်သူသမ္မတဟောင်း မစ္စတာ မန်ဒဲလား၏ စျာပနအခမ်းအနားကို တောင်အာဖရိကနိုင်ငံ အစိုးရ၏အစီအစဉ်ဖြင့် ကျင်းပမည်ဟု အစောပိုင်းကတည်းက ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံ၏ ပထမဆုံးသော လူမည်း သမ္မတနှင့် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် နယ်လ်ဆင်မန်ဒဲလားသည် ယခုနှစ် ဒီဇင်ဘာ ၅ရက် အသက် (၉၅)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ **ဘီဘီစီ။**

တောင်အာဖရိက လူမည်းသမ္မတမန်ဒဲလား၏ စျာပနအခမ်းအနား ကျင်းပစဉ်။

ပန်းပန်လျက်ပါ

တင့်လွင်ဦး
(စီးပွားရေးတက္ကသိုလ်)

(ယမန်နေ့မှအဆက်)

ရုပ်ရှင်လောက

ပြဇာတ်လောကတွင် ထင်ရှားလာသည့်အတွက် ရုပ်ရှင်ကုမ္ပဏီများ မျက်စိကျလာသည်။ ဇာတ်ဆန်တာတွေ၊ ပိန်တာတွေ၊ ဆင်ခြေပေးစရာတွေ ဘယ်ပျောက်ကုန်မှန်းမသိ။ ဒါရိုက်တာအေဝမ်းဦးတင်မောင်(အလင်္ကာကျော်စွာ သရုပ်ဆောင်ဒါရိုက်တာ အေဝမ်းဦးတင်မောင်)၏ ကမ်းလှမ်းချက်ဖြင့် ရုပ်ရှင်လောကထဲ ရောက်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် အေဝမ်းဖလင်မှ ဒါရိုက်တာ အေဝမ်းဦးတင်မောင်ကိုယ်တိုင် ခေါင်းဆောင်မင်းသား၊ ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည့် "ချစ်သက်ဝေ" ဇာတ်ကားတွင် ခေါင်းဆောင်မင်းသမီးအဖြစ် သရုပ်ဆောင်ခွင့်ရပြီး ထိုဇာတ်ကားဖြင့်ပင် အကောင်းဆုံးမင်းသမီးဆု(အကယ်ဒမီ) ရရှိခဲ့သည်။ အကယ်ဒမီဆုပထမဦးဆုံး စပေးခြင်းဖြစ်၍ မြန်မာ့ရုပ်ရှင်သမိုင်းတွင် ပထမဆုံး၊ အကောင်းဆုံးရရှိသူမှာ ကြည်ကြည်ငွေးဟု မှတ်တမ်းတင်ရမည်သာဖြစ်သည်။ "ချစ်သက်ဝေ" တစ်ကားတည်းဖြင့် နာမည်ကျော်ခဲ့ပြီး အေဝမ်းဖလင်ဖြင့် သုံးနှစ်စာချုပ်ချုပ်၍ "ရတနာပုံ"၊ "အကျော်အမော်"၊ "မြတဘက်"၊ "စက္ကောမ"၊ "ဝိဇယ"နှင့် "မင်းကုသ" ဇာတ်ကားများ ဆက်တိုက်ရိုက်ကူးခဲ့သည်။ ထို့နောက် အေဝမ်းဖလင်နှင့် စာချုပ်မပြည့်သေးသော်လည်း အေဝမ်းဦးတင်မောင်၏ ခွင့်ပြုချက်ဖြင့်ရွှေမြင်းမိုရ်ရုပ်ရှင်၊ ကန်တော်မိတ်ရုပ်ရှင်၊ အိုကေရုပ်ရှင်တို့ဖြင့် ဆက်လက်ရိုက်ကူးခဲ့ရာ ၁၉၅၆ ခုနှစ်တွင် ဒါရိုက်တာ ကျွန်တော်ချစ်မောင်ရိုက်ကူးသည့် "ချစ်ခွင့်မပိုင်" ဇာတ်ကားဖြင့် ဒုတိယအကြိမ် အကယ်ဒမီရခဲ့ပြန်သည်။ ထိုစဉ်က ရွေးချယ်ရေးဘုတ်အဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးသန့်(ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်)က ကြည်ကြည်ငွေးသည် ဤ "ချစ်ခွင့်မပိုင်"ဇာတ်ကားသာမက "ရတနာပုံ"၊ "အကျော်အမော်"ဇာတ်ကားများတွင်လည်း အကယ်ဒမီရထိုက်သူဖြစ်သည်။သို့သော် နှစ်စဉ်ဆက်တိုက်မပေးရဟု စည်းကမ်းသတ်မှတ်ထားသဖြင့် ချန်လှပ်ခဲ့ရသည်ဟု ဆုပေးပွဲအခမ်းအနားတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် "နုနုငယ်ငယ်" ဇာတ်ကားဖြင့်လည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် "လူဇော်" ဇာတ်ကားဖြင့် လည်းကောင်း အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု အကယ်ဒမီဆုများ ထပ်မံရရှိခဲ့ပြန်သည်။ ဦးငွေးအောင်(ဆွေဇမာ)ပြုစုသော မှတ်တမ်းများအရ ဒေါ်ကြည်ကြည်ငွေး ခေါင်းဆောင်၊ ဇာတ်ပို့အဖြစ် ရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကား ၁၀၇ ကားရှိသည်။ အောင်မြင်ကျော်ကြားခဲ့သော ဂန္ထဝင်ဇာတ်ကားပေါင်းများစွာ ရှိသည့်အနက် အချို့ကို ဖော်ပြရသော် ချစ်သက်ဝေ(၁၉၅၂)၊ ရတနာပုံ(၁၉၅၃)၊ အကျော်အမော် (၁၉၅၄)၊ ချစ်ခွင့်မပိုင် (၁၉၅၆)၊ ဂီတလုလင် (၁၉၅၈)၊ မာယာကြာချည် (၁၉၅၈)၊ စက္ကောမ (၁၉၅၈)၊ ကချေသည် (၁၉၅၉)၊ အောင်ခြင်းရှစ်ပါး (၁၉၆၀)၊ အင်္ဂုလိမာလ (၁၉၆၁)၊ ရှင်မအောင်ဖြူ (၁၉၆၁)၊ သူယောနန္ဒီ (၁၉၆၂)၊ ကက်နက်စိန်နှင့်သိန်း (၁၉၆၂)၊ ရွှေမန်းတင်မောင်နှင့် ဝိဇယကုမ္မာ(၁၉၆၂)၊ စိန်အောင်မင်းနှင့် ဗိမ္ဗိသာရ (၁၉၆၃)၊ ပန်းပန်လျက်ပါ(၁၉၆၃)၊ ချစ်သောမောင်မောင်(၁၉၆၃)၊ မနော်ဟရီ (၁၉၆၅)၊ ရွှေမန်းတင်မောင်နှင့် ပဥ္စပါပီ (၁၉၆၅)၊ မင်းအာဏာ (၁၉၆၅)၊ ညောင်ရမ်းညီနောင်(၁၉၆၅)၊ ရန်ကြီးအောင်မား (၁၉၆၇)၊ စကားပြောသောအသည်းနှလုံး (၁၉၆၈)၊ နန်းတွင်းအရေးတော်ပုံ (၁၉၆၉)၊ နုနုငယ်ငယ် (၁၉၇၀)၊ မဟာဆန်ချင်သူ (၁၉၇၁)၊ မြချုသံ(၁၉၇၁)၊ နွေး(၁၉၇၈)၊ သားအချစ်မြေးအနှစ်(၁၉၈၀)တို့ဖြစ်ပြီး တွဲမရိုက်ဖူးသော ရုပ်ရှင်ဒါရိုက်တာ၊ မင်းသား၊ မင်းသမီး၊ လူရွှင်တော်၊ ဇာတ်ပို့ဇာတ်ရံရှားလှသည်။ မည်သူနှင့်တွဲတွဲ အခက်အခဲမရှိ မာန်မာနမထားဒါရိုက်တာများကို လေးစားသည်။ တစ်ကိုယ်ကောင်းမဆန်၊ မျိုးဆက်သစ်များကို လက်တွဲခေါ်သည်။ မြှင့်တင်ပေးသည်။ တစ်ခါက ဒေါ်ကြည်ကြည်ငွေး

ရှုတင်နောက်ကျသည့်အတွက် ဒါရိုက်တာဆရာကြီး ဦးသုခ အကြီးအကျယ်စိတ်ဆိုးဖူးသည်။ နောက်တစ်ခါနောက်ကျရင် ဆက်မရိုက်တော့ဟုပြောဆိုခဲ့သည်။ သို့ရာတွင် ဒေါ်ကြည်ကြည်ငွေးသည် ဆရာ့ကိုအပြစ်မမြင်၊ မိမိကိုယ်မိမိ ဆင်ခြင်သည်။ အလှူအတန်းရက်ရောပြီး ဘာသာရေးကို အလေးထားသူ၊ မိဘစကားမြေဝယ်မကျနားထောင်သူ၊ ဘိုစာမကြိုက် ငါးပိရည်၊ တို့စရာနှင့် ရေနွေးကြမ်းကိုသာ နှစ်ခြိုက်သည်။

ယောက်ျားကို အလွန်ကြောက်ရသော်လည်း မိမိကပြသည့်ဇာတ်ခွင်ကို အပျက်မခံ၊ "စံပြမယား"ပြဇာတ်ကစဉ် ယောကျ်ားဗိုလ်အောင်သိန်းက သူ့ဇနီးပင်ပန်းနေသည်ကိုကြည့်ပြီး ဇာတ်ကြောဖြတ်နားတော့ဟုပြောရာ ဒေါ်ကြည်ကြည်ငွေးက ဇာတ်ခွင်ပျက်မည်စိုး၍ ဇာတ်ကြောမဖြတ်ဘဲဆက်လက်ကရာ ဗိုလ်အောင်သိန်းက သူ့စကားနားမထောင်ရကောင်းလားဆိုပြီး ဇာတ်စင်ပေါ်၌ ရက်ရက်စက်စက်ပါးရိုက်ခဲ့သည်။ ဗိုလ်အောင်သိန်းသည် သူ့စကားကိုဆန့်ကျင်လျှင် ရက်ရက်စက်စက်လုပ်တတ်မှန်းသိသော်လည်း ပရိသတ်ကိုထိရောက်သောရသအပြည့်အဝပေးလိုသည့်အတွက် ခွင်မပျက်ကပြခဲ့သည်။ အသားကိုသာ အနာခံသည်၊ ဇာတ်ကွက်ကိုအနာမခံ။

(၄) အချစ်နဲ့အိမ်ထောင်ရေး

နိုင်ငံတော်အဆင့် ဖျော်ဖြေပွဲများတွင် ဒေါ်ကြည်ကြည်ငွေးသည် ရှေ့ဆုံးမှ တက်ကြွစွာပါဝင်လေ့ရှိသည်။ အနုပညာတွင် သူမတူအောင် ထူးချွန်ထင်ရှားပြီး နိုင်ငံနှင့်လူမျိုးကို အနုပညာနှင့်အလုပ်အကျွေးပြုသည်ဟု သတ်မှတ်သည့်အတွက် ၁၉၅၈ ခုနှစ် နိုင်ငံတော်အစိုးရက ဝဏ္ဏကျော်ထင်ဘွဲ့ချီးမြှင့်ခဲ့သည်။ ဇာတ်သဘင်လောကတွင် သေတ္တာမှောက်၊ ပြဇာတ်လောကတွင် တန်းကုန်မင်းသမီး၊ ပြဇာတ်ဘုရင်မ၊ ရုပ်ရှင်လောကတွင် အကယ်ဒမီများရှင်၊ ဂီတလောကတွင် ဂန္ထဝင်တေးသံရှင် သူ၏ဂုဏ်ဒြပ်များကားပြော၍မကုန် ရေး၍ မဆုံး၊ ဝင်ငွေမှာ သောက်သောက်လဲ၊ တိုက်နှင့်ကားနှင့် တန်ဖိုးကြီးလှသောမာစီးဒီးကို စောစီးစွာ စီးနိုင်ခဲ့သည်။ သူ့ဘဝကိုသာမန်အားဖြင့်ကြည့်လျှင် အလွန်အားကျစရာကောင်း၏။ ပိတ်ကားပေါ်မှာ၊ ကန့်လန့်ကာရှေ့မှာ ပြုံးရယ်ပြနေသော်လည်း ကန့်လန့်ကာနောက်ကွယ်မှာ ဒူးနဲ့မျက်ရည်သုတ်နေရသည့်ဘဝ၊ မျက်ရည်မြစ်ထဲနစ်ခဲ့လေသူ။

ငယ်သူတို့ဘဝ မင်းသားချောအောင်ဝိဇ္ဇာနှင့် မေတ္တာမျှခဲ့ကြသည်။ ဇာတ်သမဗို့ အောင်ဝိဇ္ဇာ၏မိဘများက သဘောမတူ၊ ကြည်ကြည်ငွေးကား အချစ်ဦးမို့ အရှူးအမူးမျက်ရည်လမ်းခင်းပြီး အောက်ကျနောက်ကျတောင်းပန်မှ အိမ်ထောင်သည်ဘဝရောက်ခဲ့ရသည်။ ချွေးမအစွမ်းအစကိုကြည့်ပြီး ဇာတ်ထောင်ပေးခဲ့သော်လည်း စေတနာမပါ အသပြာကိုသာကြည့်၏။ အနှိမ်ခံဘဝ၊ မခံနိုင်သည့်အဆုံး အဆိုတော် ဒေါ်ကြည်အောင်တည်ထောင်သော ကျော်အုန်းလှိုင်ဇာတ်သို့ ပြောင်းကသည်။ သံယောဇဉ်မကုန်၍ အောင်ဝိဇ္ဇာကိုခေါ်သည်။ သမီးတစ်ယောက်ရခဲ့သော်လည်း အောင်ဝိဇ္ဇာသည် သူ့ကိုမခင်၊ ရှေ့ကရှာ နောက်ကဖြုန်း၊ မခံနိုင်သည့်အဆုံး လမ်းခွဲခဲ့ကြသည်။ အောင်ဝိဇ္ဇာ နောက်အိမ်ထောင်ပြုသွားသော်လည်း ပွဲခွင်များမပြတ်သေးသည့်အတွက် တစ်ဇာတ်တည်းအတူက၊ အတူနေ၊ ပြီးတော့ ကိုယ့်ထောင့်ကိုယ်ပြန်၊ ဇာတ်စင်၏တစ်ဖက်ထောင့်တွင် မိမိ၏ယောကျ်ား အောင်ဝိဇ္ဇာက အခြားဇနီးနှင့်အတူနေ၊ ကျန်ဇာတ်စင်၏တစ်ဖက်ခြမ်းတွင် ဒေါ်ကြည်ကြည်ငွေးနှင့် လူမမယ်သမီး၊ မည်မျှခံစားချက်ကြီးမည်ကိုတော့ စဉ်းစားကြည့်ကြပါကုန်။

အောင်ဝိဇ္ဇာနှင့်အပြီးတိုင် လမ်းခွဲပြီးနောက် သမီးငယ်ရင်ဝယ်ပိုက် ခေါင်းငိုက်စိုက်ဖြင့် ဘဝဝမ်းရေးပြေးလွှားရှာဖွေခဲ့ရပြန်သည်။ အောက်ပြည်အောက်ရွာဆင်းလာရာ ရန်ကုန်မြို့ ကြည့်မြင်တိုင်စလင်းကွင်းဇာတ်ရုံသို့ ရောက်ခဲ့သည်။ တိုင်းပြည်ရေးမအေးသည့်ကာလ ရောင်စုံသောင်းကျန်းသူများကြောင့် ဘယ်ကိုမှသွားလို့မရ၊ စလင်းကွင်းမှာသောင်တင်နေစဉ် ရဲဘော်ဖြူ ဗိုလ်အောင်သိန်းနှင့်ဆုံတွေ့၊ ဒုတိယအကြိမ် အိမ်ထောင်သည်ဘဝရောက်ရပြန်သည်။ ဗိုလ်အောင်သိန်းသည် တစ်ဇွတ်ထိုး၊ စိတ်ရင်းကောင်း၍ လူချစ်လူခင်ပေါသော်လည်း လူကြမ်း၊ စိတ်ကြမ်း၊ ပုန်းရှောင်ရန်လမ်းစမမြင်သည့်အတွက် လက်ခံလိုက်ရသည်။ အိမ်ထောင်သည်ဘဝရောက်ပြီးမှ ဗိုလ်အောင်သိန်းတွင် လက်ရှိဇနီးနှစ်ဦးနှင့် ကလေးများရှိကြောင်း သိလိုက်ရသည်။ ဝက်ဖြစ်မှ မစင်ကြောက်နေ၍မရ၊ ဗိုလ်အောင်သိန်းသည် အခြားသူများပေါ်တွင် ကောင်းသော်လည်း သူ၏ဇနီးများပေါ်တွင်ဆိုးသည်။ ဒေါ်ကြည်ကြည်ငွေးအပေါ် အနိုင်ကျင့်လေ့ရှိပြီး စိတ်မထင်လျှင် မထင်သလို လူရှေ့သူရှေ့မရှောင်ပါးရိုက်တတ်သည်။ ဒေါ်ကြည်ကြည်ငွေးကား မော်မကြည့်ရဲလောက်အောင် ကြောက်ရသည့်အတွက် မိမိကိုယ်မိမိသတ်သေဖို့အထိကြိုးစားခဲ့သည်။ မိခင်ကြီး၏ စကားနားထောင်၍ ဒုက္ခကိုခါးစည်းခံခဲ့သူ၊ "အတိတ်ဝဋ်ကြွေးရှိရင် ပေးဆပ်ရမှာပေါ့သမီးရယ်" ဆိုသောမိခင်ကြီးစကားနားထဲကမထွက်၊ မိမိကြောင့်ရသောငွေ၊ မိမိရှာသောငွေ မိမိမကိုင်ရ၊ ဗိုလ်အောင်သိန်းပေးသမျှလက်ဖြန့်သုံးရသည်။ ပြဇာတ်လောက၊ ရုပ်ရှင်လောက၊ ဂီတလောကနှင့်သက်ဆိုင်သောလုပ်ငန်းမှန်သမျှ ဒေါ်ကြည်ကြည်ငွေး ဘာမျှစောဒကတက်၍မရ၊ ကြည်ကြည်ငွေးဘဝထဲက ဒါရိုက်တာစစ်စစ်မှာ ဗိုလ်အောင်သိန်းသာဖြစ်သည်။ ဗိုလ်အောင်သိန်းကွယ်လွန်သွားသည့်အခါတွင် ဘဏ်တွင် ၁၉ ကျပ် ၆၀ ပြားသာကျန်ခဲ့ပြီး သင်္ဂြိုဟ်စရိတ်မရှိ၊ ရုပ်ရှင်ကုမ္ပဏီများသို့ အကူအညီတောင်းခဲ့ရသည်။ နိုင်ငံတော်သို့ပေးဆောင်ရမည့် အခွန်ငွေများကိုလည်း ဗိုလ်အောင်သိန်းသည် မရှင်းလင်းခဲ့၊ ဗိုလ်အောင်သိန်းဆုံးပြီးမှ တိုက်၊ ကားများရောင်း၍ အခွန်ကြွေးများဆပ်ရသည်။ ဒေါ်ကြည်ကြည်ငွေး ပါဝင်ကပြခဲ့သော ဇာတ်လမ်း၊ ပြဇာတ်နှင့် ရုပ်ရှင်များသည်ပင် သူ၏ဘဝလောက်ဇာတ်နာဖွယ်ရာကောင်းမည်မထင်၊ အရွယ်လေးရင့်လာသောအခါ ဒေါ်ကြည်ကြည်ငွေးကိုအမေကြည်ဟုခေါ်ကြသည်။ အနုပညာအရာမှာသာ ဂုဏ်ပြုထိုက်သူမဟုတ်၊ လောကခံကိုရင်ဆိုင်အန်တုရာတွင်လည်း စံပြုထိုက်သူတစ်ဦး။ ဒေါ်ကြည်ကြည်ငွေး၏ ဂုဏ်ပုဒ်များကို အသေးစိတ်ဖော်ပြရသည်ရှိသော် ရေးမဆုံး၊ ပြောမဆုံး၊ အမေကြည် အသက်(၇၆)နှစ်သို့အရောက် ၄. ၃. ၂၀၀၀ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သည်။ လူပင်သေသော်လည်း နာမည်မသေ၊ သူ၏အနုပညာဂုဏ်သတင်းများသည် ထုံသင်းဝေလျက်၊ သူ့ကိုချစ်သောပြည်သူတို့၏ ရင်ထဲမှာပန်းပန်မပျက်။

(ဂျာနယ်ကျော်မမလေး၏ "မာလာရီ" ဝတ္ထုကိုမှီငြမ်းပါသည်။ ထို့ပြင် ဤဆောင်းပါးဖြစ်မြောက်ရေးအကူအညီပေးပါသော ဒေါ်ကြည်ကြည်ငွေး၏ သမီး ဒေါ်လှလှဝင်းနှင့်ဦးငွေးအောင်(ဆွေဇမာ)တို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း)





မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ ဦးဇော်ဝင်း(ခ)ဦးစိုးမြင့်(M.D, Shwe Moung Than Construction Co.,Ltd)-ဒေါ်တင်အေးတို့၏သားကြီး

ဒေါက်တာထက်လင်းဦး M.B.,B.S (Ygn)

Shwe Moung Than Construction Co., Ltd

နှင့်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ ဦးအေးကို(ရုံးအုပ်-ငြိမ်း၊က. က. ငွေ)-ဒေါ်ခင်သန်းဝင်း(အလယ်တန်းပြ-ငြိမ်း)တို့၏ သမီးငယ်

ဒေါက်တာခင်ဖြူဖြူကို M.B.,B.S(Ygn)

လက်ထောက်ဆရာဝန် (ခုတင်-၂၀၀ ဆံ့ ပြည်သူ့ဆေးရုံ၊ နေပြည်တော်၊ ပျဉ်းမနား)တို့၏ ၁၅-၁၂-၂၀၁၃ ရက်တွင် Strand Hotel၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ရဲမှူးကြီးမြင့်စိန်(ငြိမ်း) နှင့် ဇနီးဒေါ်ခင်မာဖြူအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဦးသန့်ဇင်(ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)နှင့် ဇနီး ဒေါ်ခင်မြတ်မော်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ရီရီသန့်(မြန်မာမှုတေးဂီတအဖွဲ့)အားလည်းကောင်း၊ မင်္ဂလာပန်းကြပေးပါသော ညီမငယ် မအိန္ဒြေကျော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများ ကိုင်ဆောင်ပေး ပါသော မထက်စန္ဒီမိုး၊ သတို့သားအရံ ဒေါက်တာညီအောင်နိုင်ဝင်း၊ ဒေါက်တာအောင်ကိုကို၊ သတို့သမီးအရံ ဒေါက်တာခိုင်ဇင်ဦး၊ ဒေါက်တာခင်သန့်ဇင်၊ မိတ်ကပ်နှင့် ဆံပင်အလှ၊ မင်္ဂလာဝတ်စုံများနှင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော မေဦးမောင်(တော်ဝင်သူ)၊ ပန်းအလှဆင်ပေးပါသော မပန်းအိဖြူ(ပန်းမြတ်မွန်)အားလည်းကောင်း၊ မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံများ ရိုက်ကူးပေးသော Forever Photo Studioအားလည်းကောင်း၊မင်္ဂလာဖိတ်စာကို စိတ်တိုင်းကျစီစဉ်ဆောင်ရွက်ပေးပါသောDagonအားလည်းကောင်း၊ Strand Hotel မှ ကိုအောင်ကျော်စွာနှင့်ဝန်ထမ်းများ၊ မင်္ဂလာပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသောသူငယ်ချင်းများ၊ မင်္ဂလာညှော်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာမေတ္တာလက်ဆောင်ပေးပို့ကြသောမိတ်ဆွေများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သောသူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာထက်လင်းဦး-ဒေါက်တာခင်ဖြူဖြူကို

အဆင်းခက်ခက် အတက်မလွယ်သောပြဿနာ

စိန်လှိုင်ဝိုလ်

ဆောင်းကာလ ရာသီဥတုသာယာ၍ ပွင့်လင်းသော အခါသမယသို့ ရောက်ရှိလာသောအခါ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းအသီးသီးတွင် ခရီးသွားသူများ များပြားစပြုလာပြီဖြစ်ပါသည်။ မီးရထားခရီးတွင်လည်းကောင်း၊ မော်တော်ယာဉ်ခရီးတွင်လည်းကောင်း ဆိုက်ရောက်ရာ ဘူတာရုံနှင့်မော်တော်ယာဉ်စခန်းစသည်တို့တွင် ကြုံတွေ့နေရသောပြဿနာမှာ အဆင်းခက်၍ အတက်မလွယ်သော ပြဿနာဖြစ်ပါသည်။

ဘူတာရုံသို့ မီးရထားဆိုက်ရောက်သောအခါ မီးရထားပေါ်မှဆင်းမည့်ခရီးသည်များသည် ဘူတာမဝင်ခင်ကပင် အထုပ်အပိုးကိုယ်စီဖြင့် အပေါက်ဝတွင်စုပြုံ၍ ရပ်တန့်ပြီး အသင့်ပြင်ထားကြရပါသည်။ ထိုအချိန်မှာပင် ရှေ့ခရီးဆက်မည့်သူများကလည်း အထုပ်အပိုးကိုယ်စီဖြင့် ဘူတာပလက်ဖောင်းထက်မှ မီးရထားရပ်သည်နှင့် တက်ရန်အသင့်ပြင်ဆင်ထားကြပါသည်။ ထိုအချိန်တွင် ရထားဆိုက်ရောက်ပါသည်။ ရထားပေါ်မှခရီးသည်များ ဘူတာပလက်ဖောင်းပေါ်သို့ မရောက်မီမှာပင် ရထားပေါ်တက်မည့် ခရီးသည်များကတိုးတွေ့၍တက်ကြပါသည်။ ထိုအချိန်တွင် ဆင်းသူနှင့်တက်သူကြား ပဋိပက္ခဖြစ်ကြပါတော့သည်။ ဆင်းသူဘက်ကလည်း ဘူတာမှရထားမထွက်မီ ပလက်ဖောင်းပေါ်သို့ ရောက်ရှိရန်ဦးတည်လှုပ်ရှားရပါသည်။ တက်သူများဘက်မှလည်း မိမိတို့ရထားပေါ်မရောက်မီ မီးရထားကြီးဘီးလိမ့်ထွက်ခွာသွားမည်ကို စိုးရိမ်တကြီးလှုပ်ရှားကြရပါသည်။ ဆင်းသူနှင့် တက်သူနှစ်ဖက်စလုံး အကြောင်းပြချက်များကိုယ်စီရှိကြပါသည်။ ယင်းပြဿနာမှာ ရထားထိန်းနှင့် စက်ခေါင်းမောင်းသူတို့နားလည်မှုတည်ဆောက်လိုက်လျှင် အလွယ်တကူအဆင်ပြေချောမောနိုင်ပါလျက် ယနေ့တိုင်မပြေလည်သေးသော အဆင်းခက် အတက်မလွယ်သော ပြပဿနာဖြစ်ပါသည်။ (ဘူတာရုံမှ အသံချဲ့စက်ဖြင့်ခရီးသည်များ ပူပန်သောကမရှိစေရန် မည်သို့ဆောင်ရွက်ထားကြောင်း အသိပေးကြေညာပြီးအမှန်တကယ်ဆောင်ရွက်ပေးပါလျှင် မီးရထား အတက် အဆင်းကိစ္စအဆင်ပြေနိုင်ပါသည်)။

မခက်ခဲသင့်ပါပဲလျက် ယနေ့တိုင်မဖြေရှင်းနိုင်သော ပြဿနာမှာ မော်တော်ယာဉ်အဆင်းခက် အတက်ခက် ပြဿနာဖြစ်ပါသည်။ ပဲခူးမြို့နယ်အတွင်းရှိ ဘုရားကြီးမြို့သည် ခရီးလမ်းဆုံမြို့ဖြစ်ပါသည်။ ရန်ကုန်-မော်လမြိုင်ကားဖြင့် မော်လမြိုင်မှလာသော ခရီးသည်များသည် မန္တလေးမြို့သို့ ခရီးဆက်လိုပါက ဘုရားကြီးမြို့တွင်ဆင်း၍ မော်တော်ယာဉ်ပြောင်းစီးရပါသည်။ ထို့အတူ မန္တလေး-ရန်ကုန်ကားဖြင့် စီးနင်းလိုက်ပါလာသော ခရီးသည်များသည် မော်လမြိုင်မြို့သို့ ခရီးဆက်လိုပါက ဘုရားကြီးမြို့မှပင် မော်တော်ယာဉ်ပြောင်းစီးရပါသည်။ သို့ဖြစ်ရာ ဘုရားကြီးမြို့၏လမ်းဆုံတွင် ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်အသင်းများ အများအပြားရှိနေခဲ့ပါသည်။ မော်လမြိုင်ဘက်မှဖြစ်စေ မန္တလေးဘက်မှဖြစ်စေ မော်တော်ယာဉ်များဆိုက်ရောက်လာလျှင် မော်တော်ယာဉ်ပေါ်မှ ခရီးသည်မဆင်းခင်မှာပင် မော်တော်ယာဉ်တံခါးဝသို့ တိုးဝှေ့ချဉ်းကပ်လာသူများကြောင့် ခရီးသည်များအဆင်းခက် အတက်ခက် အခက်အခဲဖြစ်ရပါသည်။

တိုးဝှေ့ချဉ်းကပ်လာသူများထဲတွင် မော်တော်ယာဉ်အသင်းများမှ ခရီးသည်လာရောက် ခေါ်ယူကြသူများမှာ လက်ရဲဇက်ရဲနိုင်ကြပါသည်။ ဆင်းလာသောခရီးသည်၏ အိတ်ကို သေချာစွာမေးမြန်းခြင်းမရှိဘဲ ဦးစွာဆွဲလေ့ရှိကြပါသည်။ ခရီးသည်က လွှတ်မပေးလျှင်နောက်တစ်လိုင်းမှ ခရီးသည်၏အိတ်ကို ထပ်မံဆွဲရန် ကြိုးပမ်းပြန်ပါသည်။ အပေါက်ဝမှာပင် လွန်ဆွဲပွဲဖြစ်ကြသည်မှာ မြင်မကောင်းပါ။ ထို့အပြင် ဆိုင်ကယ်ကယ်ရီသမား၊ ဆိုက်ကားသမားများကလည်း ခရီးသည်၏ ဆွဲခြင်း၊ အိတ်စသည်တို့ကို အလုအယက် ဆွဲကြပြန်ပါသည်။ ဘယ်နေရာ ဘယ်ခရီးစဉ်သွားမည်ကို ခရီးသည်ကိုမမေးမစမ်းဘဲ လူရေးရေးအတွက် အလုအယက်ဆွဲခေါ်ခြင်း၊ စကားများခြင်း၊ ရန်ဖြစ်ခြင်းစသည့် မလိုလားအပ်သော မြင်ကွင်းများ တွေ့မြင်နေရပါသည်။ ယင်းမော်တော်ယာဉ်ပေါ်တွင် ရံဖန်ရံခါ နိုင်ငံခြားခရီးသွားများလည်း လိုက်ပါလာသည်ကို တွေ့မြင်ရပါသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကျင်းပနေပြီဖြစ်သောကြောင့် နိုင်ငံခြားသားအများအပြားရောက်ရှိလာရာ အထက်ပါမတော်မလျော်မြင်ကွင်းများကို မတွေ့ကြုံစေချင်ပါ။ မော်တော်ယာဉ်ဂိတ်တိုင်းတွင် သက်ဆိုင်ရာ တာဝန်ရှိသူများထားရှိပြီး ထိန်းသိမ်းကြပ်မတ်ရန်လိုအပ်လှပါသည်။ စည်းကမ်းလိုက်နာမှုတွင် မြန်မာပြည်သားတို့ အများကြီးသတိပြုဆင်ခြင်ကြရပါလိမ့်ဦးမည်။ မီးပွိုင့်တွင် ယာဉ်ထိန်းရဲမရှိချိန် မီးနီပါလျက်နှင့်မီးနီဖြတ်သော မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များတွေ့မြင်နေဆဲဖြစ်ပါသည်။ (မီးပွိုင့်တွင် ယာဉ်ထိန်းမရှိသည်ကလည်း များပါသည်။) ထိုအမှုအကျင့်များ၊ မြင်ကွင်းများကို နိုင်ငံခြားဧည့်သည်များ မတွေ့စေချင်၊ မမြင်စေချင်ပါ။

(၂၇)ကြိမ်မြောက်ဆီးဂိမ်းသည် မြန်မာပြည်သူတို့၏ ဂုဏ်ယူဖွယ်ရာပြိုင်ပွဲကြီးဖြစ်ရာ မည်သည့်ထောင့်၊ မည်သည့်နေရာတွင်မှ မြန်မာနိုင်ငံသားများ စည်းကမ်းမဲ့သော အထင်အမြင်သေးနိုင်သည့် အပြုအမူ၊ အပြောအဆိုလုပ်ဆောင်ချက်များကို သတိနှင့် ဆင်ခြင်ခြင်းဖြင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကိုမြှင့်တင်ကြပါမည့်အကြောင်းတင်ပြလိုက်ရပါသည်။ ။

မျောက်မောင်းမတစ်ကောင် ရိုးမဖြတ်လမ်းတွင် တွေ့ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၅

ရှားပါးသတ္တဝါဖြစ်သည့် မျောက်မောင်းမတစ်ကောင်ကို ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းက ရိုးမဖြတ်လမ်းတွင် တွေ့ရှိ၍ ဖမ်းလာခဲ့သည်ဟု ကိုကိုလှိုင်(ဟိုတယ်ဆောက်လုပ်ရေး) ထံမှ သိရသည်။

"ကျွန်တော်က ဟိုတယ်ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာလုပ်ပါတယ်။ လောလောဆယ် နေပြည်တော်မှာ တာဝန်ကျပါတယ်။ ဒီဇင်ဘာ ၁၁ ရက်က ကျွန်တော်ကိစ္စတစ်ခုနဲ့ နေပြည်တော်ကနေ မကွေးမြို့ကို ရိုးမဖြတ်လမ်းအတိုင်း ဆိုင်ကယ်နဲ့အသွားလမ်းမှာ မိုင်တိုင်အမှတ်တော့ မသိပါဘူး။ သတ္တဝါတစ်ကောင် ကားလမ်းကိုဖြတ်ကူးနေတာ တွေ့လို့ မျောက်ထင်ပြီးဆင်းဖမ်းပါတယ်။ သူကလက်ကို ကိုက်တယ်။ ဖမ်းရတာ လွယ်ပါတယ်။ သူသိပ်မပြေးနိုင်ဘူး။ လက်သည်းခြေသည်းတွေက ချွန်မြနေတယ်။ မြွေရေခွံအိတ်နဲ့ ထည့်ယူလာတယ်။ လမ်းမှာသိတဲ့ လူတွေက ဒီသတ္တဝါဟာ "မျောက်မောင်းမ" လို့ ပြောတယ်။ ရှားပါးသတ္တဝါဖြစ်ပြီး တရုတ်နိုင်ငံဝယ်ယူကြောင်း ပြောကြပါတယ်။ မကွေးရောက်မှ သံကြိုးနဲ့စနစ်တကျ ချည်ရတယ်။ သူက ဌက်ပျော သီးကြိုက်တယ်။ အခွံမစားဘူး။ ထွေးပစ်တယ်" ဟု ၎င်းက ပြောသည်။

ပါမယ်" ဟု ၎င်းက ဆက်လက်ပြောသည်။**(မကွေးလှမြင့်)**

အဆိုပါ မျောက်မောင်းမသည် အလေးချိန် သုံးပိဿာကျော်ရှိသည်။မြေပြင်တွင် အသွားနှေးကွေးသည်။ သစ်ပင်ပေါ်တွင် အထူးကျင်လည်သည်။

"ကျွန်တော် မကွေးကနေ နေပြည်တော်ပြန်ရင် ဒီသတ္တဝါကို နေပြည်တော်တိရစ္ဆာန်ဥယျာဉ်မှာ သွားလှူ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၆-၁၂-၂၀၁၃ (တနလာနေ့)

ဂ၃၀ "မေ့လျော့သူနှင့် မမေ့လျော့သူ" တရားတော် [ဆရာတော် အရှင်ဥတ္တရ (ကျိုက်ဒေးယျ)]

၆း၂၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၄၂)

၇း၂၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၂၅)

၉း၀၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း- ၂၅)

၉း၄၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပင်လယ်ပျော်ချစ်သူလေး" (အပိုင်း- ၂၈)

လုပ်ငန်းသုံးအမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်း၊ ၇-လွှာ၊ အမှတ်(၁၀၉)နေ ဦးကျော်စွာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါ အမှတ်တံဆိပ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

မှတ်ပုံတင်စာချုပ်အမှတ်-	မှတ်ပုံတင်စာချုပ်အမှတ်-	မှတ်ပုံတင်စာချုပ်အမှတ်-
၄/၁၀၃၆၆/၂၀၁၃	၄/၁၀၃၆၇/၂၀၁၃	၄/၁၀၃၆၈/၂၀၁၃

ကျွန်ုပ်၏မိတ်ဆွေသည် အထက်ဖော်ပြပါအမှတ်တံဆိပ်များကို မူပိုင်အဖြစ် အသုံးပြုရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၄/၁၀၃၆၆/၂၀၁၃၊ ၄/၁၀၃၆၇/၂၀၁၃၊ ၄/၁၀၃၆၈/၂၀၁၃)များဖြင့် တရားဝင်မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အမှတ်တံဆိပ်များကိုအသုံးပြု၍ အပတ်စဉ် သတင်းစာစောင်၊ နေ့စဉ်သတင်း စာစောင်များနှင့် စာအုပ်/စာပေ ထုတ်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိပါသည်။

ထို့အပြင် ဖော်ပြထားသော အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ထုပ်ပိုးပစ္စည်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာ၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း၊ စာရွက်စာတမ်း၊ ပလတ်စတစ်အိတ်၊ စက္ကူအိတ်များ အစရှိသည်တို့အပေါ်တွင်လည်း ဖော်ပြပါတံဆိပ်အမည်အမှတ်အသားကို ရိုက်နှိပ်၍ အသုံးပြုသွားမည် ဖြစ်ပါသည်။

သို့ဖြစ်၍ မိမိမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော ဖော်ပြပါအမှတ်တံဆိပ် အမည်အမှတ်အသားများကို မိမိမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများမှဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပသုံးစွဲခြင်းများကို မပြုလုပ်ကြရန်နှင့် အကယ်၍ တုပသုံးစွဲခဲ့ပါက တရားမကြောင်းအရ သော်လည်းကောင်း၊ ရာဇဝတ်ကြောင်းအရ သော်လည်းကောင်း တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်ဆွေ **B.A(Law), LL.B, D.B.L, D.M.L, D.I.L**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၈)
ဒေါ်သဲအိရွှေ(ဇင်) **LL.B, LL.M (Civil)**
အထက်တန်းရှေ့နေ (စဉ်-၃၆၇၄၇)

U Nyunt Tin Associates, Intellectual Property Law Firm
83/8, Pansodan Street, Yangon, Myanmar
Tel:959 450059247 Email: info@untlaw.com

ရှမ်းပြည်နယ်တွင် ဘိန်းစိမ်း၊ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၅

ရှမ်းပြည်နယ် အမှတ်(၂၅)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(တောင်ကြီး)မှ တပ်ဖွဲ့ဝင်များနှင့် ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီခွဲက ဟိုပုံးမြို့နယ် ကျူမုန်ရွာနေ စိုင်းဝိုင်(၄၂)နှစ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အောက်ထပ် ပြောင်းဖူးအိတ်များကြားရှိ Rose Detergent Power တံဆိပ်ပါ ဖြူ/နီ ဆာလာအိတ်အတွင်းမှ အနက်ရောင်ပလတ်စတစ်ဖြင့် ထုပ်ထားသော ဘိန်းစိမ်းအလေးချိန် ၁ ဒသမ ၄ ကီလိုခန့်ပါ တစ်ထုပ်၊ ၁ ကီလိုခန့်ပါ တစ်ထုပ်၊ သုည ဒသမ ၈ ကီလိုခန့်ပါ တစ်ထုပ် စုစုပေါင်း သုံးထုပ် (အလေးချိန် ၃ ဒသမ ၂ ကီလို) တန်ဖိုးငွေကျပ် ၂၀၈၀၀၀၀ အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းဝိုင်အား ဟိုပုံးမြို့မရဲစခန်းက မယ(ပ)၃၃/ ၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် အမှတ်(၂၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(လောက်ကိုင်)မှ တပ်ဖွဲ့ဝင်များနှင့် ချင်းရွှေဟော်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ လီလောက်အဲယ်၏ လိုက်လံပြသချက်အရ သက်သေများနှင့်အတူ ဒီဇင်ဘာ ၁၁ ရက် ညနေ ၃ နာရီက ကွင်းဆက်တရားခံဖြစ်သူ ချင်းရွှေဟော်မြို့ ရပ်ကွက်(၁) ညီနောင်တံတားအနီး နမ့်တစ်လမ်းသွယ်နေ ဒေါ်ရှောက်ဖန်း(၅၉)နှစ် **(အပေါ်ယာပုံ)**၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ အိပ်ခန်းခုတင်အောက် မှ Yili Follow-Up Milk Power

စာတန်းပါ နို့မှုန့်ဘူးခွံအတွင်းမှ ဘိန်းဖြူ တစ်ဂရမ်စီပါ ခြီတုန်ဆန်ပုလင်း သုံးပုလင်း စုစုပေါင်းအလေးချိန် သုံးဂရမ်နှင့် တန်ဖိုးငွေကျပ် ၆၀၀၀၀၊ ခုတင်ခြေရင်းရှိ ဖိနပ်စင်ဘေးမှ Dumex စာတန်းပါ နို့မှုန့်ဘူးခွံအတွင်းမှ အပြာရောင်ကပ်ခွာအိတ်ဖြင့် ထည့်ထားသော A1 တံဆိပ်ပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၁၂ ထုပ်၊ WY စာတန်းပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပြားပါ နှစ်ထုပ်၊ ၁၉၀ ပြားပါ တစ်ထုပ် စုစုပေါင်းဆေးပြား ၂၉၉၀ (တန်ဖိုးငွေကျပ် ၄၄၈၅၀၀၀)တို့အား ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် ဒေါ်ရှောက်ဖန်းအား ချင်းရွှေဟော်နယ်မြေရဲစခန်းက မယ(ပ)၁၀/ ၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ သံငြမ်းဆက်သံချောင်းများ ခိုးယူသူအား ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၁၅

ကမာရွတ်မြို့နယ်အတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ သံငြမ်းဆက်သံချောင်းများ ခိုးယူသူအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ရှိုင်းဆောက်လုပ်ရေးမန်နေဂျာ ဦးကျော်ကျော်နိုင်သည် ကမာရွတ်မြို့နယ် (၃)ရပ်ကွက် ထန်းတပင်လမ်းရှိ ရွှေထန်းပင်ကွန်ဒိုဆောက်လုပ်ရေး၌ တာဝန်ခံအဖြစ် ဆောင်ရွက်စဉ် လုပ်ငန်းခွင်မြေညီထပ်တွင်ထားရှိသော အရှည်တစ်ပေခန့်ရှိ သံငြမ်းဆက်တစ်ကျပ်လုံးသံချောင်းများ လျှောနည်းနေ၍ အမှတ်အသားပြုလုပ်ထားရှိခဲ့ရာ နိုဝင်ဘာ ၃၀ ရက်တွင် သံငြမ်းဆက်သံချောင်း ၃၁၇ ချောင်း၊ ဒီဇင်ဘာ ၂ ရက်တွင် ၂၂ ချောင်း စုစုပေါင်းသံချောင်း ၃၃၉ ချောင်း (ကာလတန်ဖိုးငွေကျပ် ၁၆၉၅၀၀၀ ခန့်)မှာ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ခိုးယူသူအား စုံစမ်းအရေးယူပေးရန် တိုင်တန်းသဖြင့် ကမာရွတ်မြို့မရဲစခန်းက (ပ)၅၂၇/ ၂၀၁၃၊ ပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်ပြီး ခိုးယူသူအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ စုံစမ်းဆောင်ရွက်စဉ် အဆိုပါကွန်ဒိုဆောက်လုပ်ရေးလုပ်ငန်းတွင် လုံခြုံရေးတာဝန်ဆောင်ရွက်ခဲ့သူ တင်ထွန့်မြောက်ဥက္ကလာပမြို့နယ်နေသူအား မသက်ဘ၍ ဖမ်းဆီးစစ်ဆေးရာ အဆိုပါသံချောင်းများအား ခိုးယူရောင်းချထားကြောင်း စစ်ဆေးဖော်ထုတ်ရရှိသဖြင့် သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-MLA)

ကျိုင်းတုံမြို့နယ်တွင် သုံးလောင်းပြိုင်လူသတ်မှု ဖြစ်ပွား

ကျိုင်းတုံ ဒီဇင်ဘာ ၁၅

ကျိုင်းတုံမြို့နယ် လွယ်လုံကျေးရွာအုပ်စု ဟွေလုံကျေးရွာအနီးရှိ ရိတ်သိမ်းပြီးစ လယ်ကွင်းအနီး တောစပ်နေရာတွင် အမျိုးသား အလောင်းတစ်လောင်း တွေ့ရှိရကြောင်း လွယ်လုံအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုင်းအောင်ခမ်းက မြို့မရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီခွဲတွင် အလောင်းတစ်လောင်းတွေ့ရှိရကြောင်း ဖုန်းသတင်းရလျှင်ရချင်း ကျိုင်းတုံရဲစခန်းမှ ခရိုင် ဒုရဲမှူးကြီးကျော်ဝင်း၊ မြို့နယ်ရဲမှူး ခင်မောင်သိန်း၊ စခန်းမှူး ဒုရဲမှူး ရဲကြည်နှင့် တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေရာသို့ အသိသက်သေများနှင့် ရောက်ရှိစစ်ဆေးခဲ့ရာ သေဆုံးသူမှာ မောင်အားကျဲဆိုသူ ဖြစ်ပြီး အခင်းဖြစ်နေရာအနီးတွင် ဆက်လက်စစ်ဆေးရှာဖွေခဲ့ရာမှ ကိုက် ၁၀၀ ခန့် တောင်ကုန်းပေါ်ရှိ ချုံပင်များ၏ အလယ်ကွက်လပ်နေရာ၌ အသက် (၁၈)နှစ်ခန့် အမျိုးသမီးတစ်ဦး၏ အလောင်းနှင့်အတူ ရင်ခွင်ထဲတွင် စောင်နှင့်ပတ်၍ ပွေ့ချီထားသည့် သုံးလသားအရွယ်ခန့် မိန်းကလေးတစ်ဦး၏ အလောင်းများအား တွေ့ရှိခဲ့သည်။ အမျိုးသမီးအလောင်း၏ ဝန်းကျင်တွင် ကလေးငယ်အား တိုက်ကျွေးသည့် နို့ဘူးနှင့် မုန့်အချို့အား တွေ့ရှိရပြီး သေဆုံးသူအမျိုးသမီးမှာ မဘူးချွန်ဖြစ်သည်။ သေဆုံးနေသူ အားကျဲနှင့် မဘူးချွန်တို့မှာ လင်မယားဖြစ်၍ ကလေးငယ်မှာ ၎င်းတို့၏ သမီးဖြစ်ကြောင်း စုံစမ်းသိရှိရသည်။ ၎င်းတို့နှစ်ဦးမှာ လွန်ခဲ့သော တစ်လခန့်က ရပ်ရွာလူကြီးများ၏ ရှေ့မှောက်တွင် ကွာရှင်းပြတ်စဲထားခဲ့ကြကြောင်း ထပ်မံသိရှိရသည်။

အထက်ပါ သုံးလောင်းပြိုင် မိသားစုဝင်များ အသတ်ခံရသည့် ဖြစ်စဉ်အား အသေးစိတ်မှတ်တမ်းယူပြီး ကျိုင်းတုံမြို့နယ်ရဲမှူး စခန်းမှူးနှင့် အမှုစစ်နယ်ထိန်းတပ်ဖွဲ့ဝင်များက အမှုမှန် အမြန်ဆုံးပေါ်ပေါက်ရေး စုံစမ်းစစ်ဆေး ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ **(၅၁၃)**

ပဲခူးမြို့တွင် လောင်းကစားမှုဖမ်းဆီး

ပဲခူး ဒီဇင်ဘာ ၁၅

ပဲခူးမြို့ အမှတ် (၂)ရဲစခန်း နယ်မြေမဇင်းရပ်ကွက် အိုးလေးစုပိုင်း ရွှေစေတီဘုရားလမ်းနေ မသီတာခိုင် (၄၂)နှစ် (စျေးရောင်း)သည် ၎င်းပိုင်ဆိုင်သော ရွှေစေတီဘုရားလမ်းဘေး မုန့်ဆိုင်အလွတ်တွင် ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီခွဲက တရားမဝင် နှစ်လုံး ထီရောင်းချလောင်းကစားနေကြောင်း သတင်းအရ ခရိုင် အထူးမှူးခင်းနှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ်ယဉ်ထွေးက သက်သေများနှင့်အတူ သွားရောက်ရှာဖွေဖမ်းဆီးခဲ့ရာ မသီတာခိုင်ထံမှ လောင်းကစားရာတွင် အသုံးပြုသော ပစ္စည်းများနှင့် လောင်းကြေးငွေကျပ် ၃၅၂၀၀ တို့ကို တွေ့ရှိရသဖြင့် မသီတာခိုင်အား ပဲခူးမြို့ အမှတ် (၂) ရဲစခန်းက (ပ) ၄၅၂/ ၂၀၁၃၊ လောင်းကစား ဥပဒေပုဒ်မ ၁၅(က) /၁ ၆(က) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ငွေးနိုင်(ပဲခူး)**

ပင်းတယမြို့၌ လေပြင်းတိုက်ခတ်

ပင်းတယ ဒီဇင်ဘာ ၁၅

ဧနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့တွင် ဒီဇင်ဘာ ၁၄ ရက် ၁၂ နာရီ ၄၅ မိနစ်တွင် ကူးကော်ကျေးရွာအုပ်စု ကူးကော်ကျေးရွာ၊ ဝါးပြားကျေးရွာ၊ စံသီးကုန်းကျေးရွာနှင့် ဒရယ်အင်းကျေးရွာများတွင် လေပြင်းတိုက်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ကူးကော်ကျေးရွာတွင် နေအိမ် သွပ်မိုး၊ အုတ်ကာ ၁၃ လုံး၊ သွပ်မိုး၊ ထရံကာ ၁၂ လုံး၊ သက်ငယ်မိုး၊ ထရံကာ သုံးလုံး၊ ဝါးပြားကျေးရွာတွင် နေအိမ် သွပ်မိုး၊ အုတ်ကာ ငါးလုံး၊သွပ်မိုး၊ ထရံကာ ရှစ်လုံး၊ စံသီးကုန်းကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း၊ ဇရပ်များနှင့် ဒရယ် အင်းကျေးရွာတွင် နေအိမ် သွပ်မိုး၊ ထရံကာ နှစ်လုံးတို့ ပြိုကျပြီး တချို့အမိုး လန်သွားခဲ့ကြောင်းသိရသည်။

ကူးကော်ကျေးရွာတွင်နေထိုင်သော မောင်ဇော်မင်းထက်(၁၄)နှစ်သည် နေအိမ်ထုပ်တန်း ဦးခေါင်းပေါ်ပြုတ်ကျသဖြင့် ဒဏ်ရာရရှိခဲ့ပြီး ပင်းတယဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

မိုးမိုးထွေး(ပင်းတယ)






ပြည်တွင်းသတင်း

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ကလေး ဒီဇင်ဘာ ၁၅

ကလေးမြို့နယ် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေပြည်သူများကို ဗဟိုပြုသောပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ကူညီဆောင်ရွက်နိုင်ရန် ကလေး-တင်သားလမ်းမပေါ်ရှိ ကျွန်းချောက်တံတားကြီးနှင့်ကျွန်းချောက်တံတားလေးများအား RC သံကူကွန်ကရစ်ဖြင့် တည်ဆောက်မည့်လုပ်ငန်းခွင်သို့ ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ခရိုင်ဆည်မြောင်းဦးစီးဌာနနှင့် တည်ဆောက်ရေး(၄)မှ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် ခရိုင်မြေစာရင်းဦးစီးဌာနမှ ဦးစီးမှူးများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်တို့နှင့်အတူ ဒီဇင်ဘာ ၁၂ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကလေးမြို့နယ် တင်သားကျေးရွာရှိ တိုက်နယ်ပြည်သူ့ဆေးရုံတွင် ကျေးရွာအုပ်စုအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ အုပ်ချုပ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ပညာရေး၊ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးကဆွေးနွေးပြီးနောက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးကင်းရှင်းပပျောက်ရေးနှင့် မီးဘေးလုံခြုံရေးကိစ္စရပ်များကိုမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးအေးနိုင်က ဖြည့်ဆည်းဆွေးနွေးသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီး လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက်ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့တို့သည် တင်သားကျေးရွာ အစိုးရအထက်တန်းကျောင်းခွဲနှင့် ဒိုးနွယ်ကျေးရွာအခြေခံမူလတန်းလွန်ကျောင်း၊ ရှားဖိုကျေးရွာအခြေခံမူလတန်းလွန်ကျောင်းနှင့် ကိုယ့်အားကိုယ်ကိုးဖြင့်ဆောက်လုပ်ဆဲ နှစ်ထပ်ကျောင်းဆောင်သစ်၊ အရှေ့စည်းကျေးရွာရှိ အခြေခံအလယ်တန်းကျောင်းခွဲနှင့် ကိုယ့်အားကိုယ်ကိုးဖြင့် ဆောက်လုပ်ဆဲ နှစ်ထပ်ကျောင်းဆောင်သစ်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့်အဖွဲ့သည် ကျေးရွာချင်းဆက်လမ်းမများကိုဖြတ်သည့် ချောင်းကူးမြောင်းကူးသစ်သားတံတား လေးစင်းအား RC သံကူကွန်ကရစ်ဖြင့် အသစ်ပြန်လည်တည်ဆောက်မည့် တံတားနေရာများကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါ RC သံကူကွန်ကရစ်ဖြင့် အသစ်တည်ဆောက်မည့်တံတား ခြောက်စင်းတို့အားနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေမှကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျိုးနက်

ပဲစင်းငုံထွက်ရှိမှု အလားအလာကောင်း၊ သင့်တင့်သောဈေးနှုန်းရရန် တောင်သူများမျှော်လင့်

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးရာသီစိုက်ပျိုးသီးနှံများအနက်မှ တစ်ခုဖြစ်သည့် ပဲစင်းငုံများသိမ်းဆည်းနေကြပြီဖြစ်ပြီး ယခုနှစ်ပဲစင်းငုံထွက်ရှိမှု အလားအလာကောင်းကြောင်းနှင့် သင့်တင့်သော ဈေးနှုန်းရရှိရန် တောင်သူများ မျှော်လင့်နေကြကြောင်းသိရသည်။

ပဲစင်းငုံသီးနှံကို ကျောက်ပန်းတောင်းမြို့နယ်တွင် ပုံမှန်အားဖြင့် မိုးမှန်လေမှန်သော ကဆုန်လတွင် စိုက်ပျိုးလေ့ရှိကြပြီး အချို့တောင်သူများက တန်ခူးလတွင်ရွာသွန်းသော ပလ္လင်ဆေးမိုးကို တည်မှီ၍ ကြိုကြိုအဖြစ် စိုက်ပျိုးကြသည်များလည်းရှိကြောင်းသိရသည်။ မိုးလေမှန်ကန်ပါက ကြိုကြိုသမားများ သီးနှံရရှိတတ်သော်လည်း မိုးလေမှန်ကန်မှုမရှိပါက နစ်နာဆုံးရှုံးမှုများပြားပြီး အချိန်ကုန် လူပန်းဖြစ်ကြရလေ့ရှိကြောင်း သိရသည်။

"ကျွန်မကပဲစင်းငုံကို တစ်တင်းခွဲ ပဲကြဲထားတာပါ။ ဘယ်လောက်ထွက်မယ်ဆိုတာပြောလို့မရသေးဘူး၊ ပုံမှန်ကတော့ တစ်တင်းကြဲရင်(၃၀/၃၅) တင်း လောက်ထွက်ပါတယ်။ မိုးလေမှန်ရင်ပေါ့။ အခုဈေးကတော့ ၁ ပိဿာ(၈၅၀)ကျပ်ပဲရတယ်ကြားတယ်။ တစ်တင်းကို ကျပ်၁၈၀၀၀ လောက်ရမှာပေါ့။ ဒီနှစ်နောက်မိုးလေးကောင်းပြီး အစိုဓာတ်ရအောင်ရွာလိုက်တော့ ပဲစင်းငုံကရကြမှာပါ။ ဒီနှစ်က ပိုးလည်းလွတ်ကြတယ်။ ဘယ်မှာမှ ပိုးကျသံ မကြားလိုက်ရဘူး၊ ဈေးလေး အသင့်အတင့်ရဖို့ပဲ လိုပါတယ်။ ဒါဆိုရင်တော့ ဒီနှစ်အလှူအတန်းတွေများပြီး ဗျောသံစည်သံ ညံနေမှာပေါ့။"ဟု ကြပ်ထောင်ကျေးရွာမှ တောင်သူ ဒေါ်ကြိုင်က ပြောကြားသည်။ ပဲစင်းငုံသီးနှံသည် ပြည်တွင်းစားသုံးမှုနည်းပါးပြီး ပြည်ပဈေးကွက်ကိုသာ မှီခိုအားထားရသဖြင့် ဈေးနှုန်းတည်ငြိမ်မှုမရှိသော်လည်း ကျောက်ပန်းတောင်းတစ်မြို့နယ်လုံးတွင် ပဲစင်းငုံစိုက်ပျိုးဧက ၉၁၀၀၀ ဧက လျာထားချက်ထားခဲ့ရာ အမှန်မြေပြင်စိုက်ဧကမှာ ၉၇၁၈၉ ဧကခန့် စိုက်ပျိုးထားရှိကြောင်းနှင့် ပျမ်းမျှအထွက်မှာလည်း တစ်ဧကလျှင် ၁၃ တင်း၊ ၁၄ တင်းထွက်ရှိနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စုံစမ်းသိရှိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ဆန္ဒကို ကိုယ်ကျင့်သိက္ခာတရားနှင့် ထိန်းသိမ်းကြစေလို

ရန်ကုန် ဒီဇင်ဘာ ၁၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်ကြီးကို ဂုဏ်ယူဝမ်းမြောက်စွာ ဆင်နွှဲပျော်ရွှင်နေချိန်လည်းဖြစ်သည်။ အိမ်ရှင်နိုင်ငံပီပီ တစ်မျိုးသားလုံးအတွက်၊ နိုင်ငံအတွက် အရှေ့တောင်အာရှသာမက မြန်မာဟေ့ဟု ဂုဏ်ယူဝင့်ကြွားနိုင်ရန် ကျင်းပလုပ်ဆောင်ပေးနေခြင်းလည်းဖြစ်သည်။ မိမိတို့လူမျိုးများသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ လျှောက်လှမ်းချီတက်ရာတွင် စည်းကမ်းရှိဖို့နှင့် ဆန္ဒကို ကိုယ်ကျင့်သိက္ခာတရားနှင့် ထိန်းသိမ်းဖို့လိုအပ်သည်။ ယခုတော့ နိုင်ငံကြီးသား မပီသစွာ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းမပေါ်ပုလဲ ကွန်ဒိုအနီးစာသားတစ်ခုက အရုပ်ဆိုးအကျည်းတန်စွာရှိနေ၍ မြန်မာပြည်သား တစ်ဦးအနေဖြင့် ပြုပြင်သင့်စရာအဖြစ် တင်ပြလိုက်ရပါသည်။

နေဦးမောင်(ပခုက္ကူ)

အစိုးရကြော်ငြာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မုတ်ခွံရောရာများကို ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က)ပစ္စည်းကြည့်ရှုရမည့်နေရာ	-	အမှတ်(၆၉/၇၁)၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်
(ခ)တင်ဒါတင်သွင်းရမည့်နေရာ	-	မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်
(ဂ)တင်ဒါဖွင့်လှစ်မည့်နေရာ	-	သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)တွင်တစ်စုံလျှင် ၁၀၀၀ဝိ/(ကျပ်တစ်ထောင်)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၁၆-၁၂-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၉-၁-၂၀၁၄ရက် ၁၆း၃၀နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော် ဖုန်းနံပါတ် ၀၆၇-၄၁၄၁၈၄၊ ၀၆၇-၄၁၄၀၈၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးပိုင်၊ ရွှေတန်းစခန်း ပုသိမ်(ကန်ကြီးထောင့်)မြေနေရာအနက်မှ အကျယ်အဝန်း ပေ(၅၀၀×၂၀၀) ၂. ၂၉၀ ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်သောလုပ်ငန်းများ ဆောင်ရွက်ရန် နှစ်ရှည်မြေငှားရမ်းလိုပါသဖြင့် ပြည်တွင်းရှိ နိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။	တင်ဒါသွင်းရမည့်ရက်/အချိန်	- ၂၃-၁-၂၀၁၄ ရက်(ကြာသပတေးနေ့) နံနက် ၉း၀၀ နာရီမှ မွန်းတည့်၁၂း၀၀ နာရီအထိ
	တင်ဒါစိစစ်မည့်နေရာ	- ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
	တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်	- ၂၃-၁-၂၀၁၄ ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ဝိ/- (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ရွှေတန်းစခန်း(ကန်ကြီးထောင့်)ရုံးတွင် ၁၈-၁၂-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အမည် အထက(၄)ဗိုလ်တထောင်၊ ပဥ္စတန်း(က)မှဦးသိန်းဇော်၏သမီး မမြတ်

ပြောင်း သီရိအောင်အား မပျိုးမြတ်ပိုင်ဟုပြောင်းလဲခေါ်ပါရန်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
(၁၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ ဒီပလိုမာဘွဲ့သင်တန်းအောင်မြင်ကြသူများအတွက် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်နေ့	-	၂၅-၁-၂၀၁၄ ရက်(စနေနေ့)
ကျင်းပမည့်နေရာ	-	ဘွဲ့နှင်းသဘင်ခန်းမ(ရန်ကုန်တက္ကသိုလ်)
ကျင်းပမည့်အချိန်	-	၉း၀၀ နာရီ
ဘွဲ့နှင်းသဘင်ကြေး	-	၁၅၀၀ဝိ/(ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး	-	၁၀၀၀ဝိ/(ကျပ်တစ်ထောင်တိတိ)
အစမ်းလေ့ကျင့်မည့်ရက်၊အချိန်	-	၂၄-၁-၂၀၁၄ရက်(သောကြာနေ့) ၁၀း၀၀ နာရီ
လျှောက်လွှာလက်ခံမည့်ရက်	-	၁၇-၁၂-၂၀၁၃ရက်မှ ၂၇-၁၂-၂၀၁၃ ရက်အထိ သတ်မှတ်လျှောက်လွှာပုံစံဖြင့်လျှောက်ထားရန်။

(၁) ခြောက်လအတွင်းရိုက်ကူးထားသော (၂×၁½)ဓာတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူကိုလျှောက်လွှာတင်သည့်ရက်တွင် ယူလာရပါမည်။

(၂) ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့(တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ရုရှားဘာသာ)ဖြင့် အောင်မြင်ကြသူများ

(၃) ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဝိဇ္ဇာဘွဲ့(တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ မြန်မာ၊ ရုရှားဘာသာ၊ ထိုင်းဘာသာ)ဖြင့်အောင်မြင်ကြသူများ

(၄) ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဒီပလိုမာဘွဲ့(တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ မြန်မာ၊ ရုရှားဘာသာ၊ ထိုင်းဘာသာ)ဖြင့်အောင်မြင်ကြသူများ

(၅) ယခင်ပညာသင်နှစ်များမှ ဘွဲ့လျှောက်ထားခြင်းမရှိခဲ့ဖူးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

(၆) ဘွဲ့ဝတ်စုံငှားရန်ထောက်ခံစာကို ၂၁-၁-၂၀၁၄ ရက်နေ့မှစ၍ ၂၃-၁-၂၀၁၄ ရက်အထိ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင်ထုတ်ပေးပါမည်။ (ဘွဲ့ဝတ်စုံငှားရမ်းရန်မှတ်ပုံတင်မူရင်းကို ယူဆောင်လာရမည်။)

(၇) ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟုတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးပါမည်။

(၈) ဘွဲ့တက်ရောက်ယူမည့်အမျိုးသားများသည် မြန်မာဝတ်စုံ၊တိုင်းရင်းသားဝတ်စုံ(သို့) အနောက်တိုင်းဝတ်စုံအပြည့်(ဘောင်းဘီရှည်၊ကုတ်အင်္ကျီ၊နက်ကတိုင်)နှင့် အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော မြန်မာ့ထဘီ၊ အင်္ကျီနှင့် တိုင်းရင်းသားဝတ်စုံကိုသာ ဝတ်ဆင်ခွင့်ပြုမည်။

(၉) အသေးစိတ်ကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

စန်းယုမေ
မော်ကွန်းထိန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ရုံးသုံးစက်ကိရိယာပစ္စည်း(၃)မျိုး၊ ရုံးသုံးပရိဘောဂပစ္စည်း(၇)မျိုး၊ မော်တော်ယာဉ်(၂)စီးအား အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) ဝယ်ယူမည့်ပစ္စည်းအမျိုးအစား	- ရုံးသုံးစက်ကိရိယာပစ္စည်း(၃)မျိုး ရုံးသုံးပရိဘောဂပစ္စည်း(၇)မျိုး မော်တော်ယာဉ်(၂)စီး
(ခ) တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်	- ၁၈-၁၂-၂၀၁၃ ရက်မှ ၂၄-၁၂-၂၀၁၃ ရက်ထိ - ရုံးချိန်အတွင်းသာ
(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ	- စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ (ရုံးအမှတ်-၃)၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်။
(ဃ) တင်ဒါတင်သွင်း ဖွင့်ဖောက်မည့်အချိန်/နေရာ	- ၂၆-၁၂-၂၀၁၃ ရက် ၁၃း၀၀ နာရီ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်
(င) Deposit ပေးသွင်းရမည့်နေရာ	- Lot အလိုက် Deposit ငွေများကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းရမည်။

၂။ တင်ဒါဖွင့်ဖောက်မည့်နေ့တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် တင်ဒါစိစစ်ရေးကော်မတီ၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးအတွင်း ထည့်သွင်းယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။

၃။ အဆိုပါ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှဝယ်ယူမည့် ရုံးသုံးစက်ကိရိယာပစ္စည်း(၃)မျိုး၊ ရုံးသုံးပရိဘောဂပစ္စည်း(၇)မျိုး၊ မော်တော်ယာဉ်(၂)စီး၏ အသေးစိတ်အချက်အလက်များကို တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ်-၀၆၇-၄၀၈၁၇၁ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဝယ်လိုသည်

ရွှေပြည်သာမြို့နယ်ရှိ မြေကွက်များဝယ်လိုသည်။

ဖုန်း-၀၉-၄၃၁၇၁၇၃၄

ဆည်မြောင်းဦးစီးဌာနမှ မြန်အောင်မြို့နယ်နှင့် ကြောင်းမြို့နယ်တို့သို့ ကွန်ချောင်းရေလှောင်တမံမှ ပို့လွှတ်သော ဆည်မြောင်းများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို စက်ကြီးများဖြင့် ပြုလုပ်နေစဉ်။

နေဝင်းဇော်(မြန်အောင်)

မိုးလေဝသကောင်းရှိ ငွေချည်(၆)ချည်မျှင်ရှည်ဝါ အထွက်တိုး

စစ်ကိုင်း ဒီဇင်ဘာ ၁၅

စစ်ကိုင်းမြို့နယ် ဝါစိုက်ပျိုးသော ကျေးရွာအုပ်စု(၄၄)ရွာ တောင်သူလယ်သမားကြီးများသည် ယခုနှစ်မိုးလေဝသအခြေအနေကောင်းမွန်သဖြင့် ဝါမျိုးများကို တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ငွေချည်(၆)ချည်မျှင်ရှည်ဝါကို မိုးကြိုမိုးနှင့် မိုးနှောင်း(၃)ရာသီခွဲ၍ စိုက်ပျိုးခဲ့ရာ ဧကပေါင်း ၁၆၃၉၄ ဧက စိုက်ပျိုးနိုင်ခဲ့၍ လျာထားချက်အပေါ် ၉၈ ဒသမ ၇၆ စိုက်ပျိုးခဲ့သည်။ မနှစ်ကထက် ငွေချည်(၆)ချည်မျှင်ရှည်ဝါ ၂၉၁၈ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်ဟု တောင်သူကြီးများထံမှသိရသည်။**(ယာဝုံ)**

မိုးကြိုချည်မျှင်ရှည်ဝါကို တအိမ်တည်းကျေးရွာတွင် စိုက်ပျိုးခဲ့ပြီး မိုးမိုးနှောင်းရာသီတွင် အောင်သာ၊ မာလဲတော၊ရုံးပင်ကန်၊ နတ်ခရိုင်၊ ကံကြီးကုန်း၊ သာဇင်နှင့်ဘောက်သောက် ကျေးရွာများတွင် စိုက်ပျိုးထားသောငွေချည်(၆)ချည်မျှင်ရှည်ဝါများ အထွက်နှုန်းတိုးတက်၍ တောင်သူများ၊ ဝါ တစ်ပိသာလျှင် ငွေကျပ် ၁၂၀၀ မှ ၁၃၀၀ အထိရောင်းချ၍ တောင်သူများဝင်ငွေတိုးကာ စီးပွားရေးပြေလည်လျက်ရှိကြောင်း သိရသည်။

မာလဲတောကျေးရွာမှ တောင်သူကြီး ဦးစိုးဝင်းမှ ငွေချည်(၆)ချည်မျှင်ရှည်ဝါ တစ်ကွင်းတစ်ဆက်တည်း ၁၅ ဧကစိုက်ပျိုး၍ အောင်မြင်ခဲ့ရာ တစ်ဧကလျှင် ပိသာ ၁၀၂၀ နှုန်း စံထွက်ရိတ်သိမ်းမှုအရ သိရှိရကြောင်း စက်မှုသီးနှံဖွံ့ဖြိုးရေး မြို့နယ်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်ထံမှ သိရသည်။ စစ်ကိုင်းမြို့နယ်တွင် ဝါစိုက်တောင်သူများအား ဝါမျိုးကောင်းမျိုးသန့်များအား ဖြန့်ဖြူးပေးခြင်း လုပ်ငန်းကိုဆောင်ရွက်လျက်ရှိရာ ငွေချည်(၆)ချည်မျှင်ရှည်ဝါထက် စုပ်စားပိုး ပိုမိုခံနိုင်သော ရွှေတောင်(၈)ဝါမျိုးကို ပိုမိုစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဟုသိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၏ အစီအစဉ်ဖြင့် ဇေယျာဖောင်ဒေးရှင်းမှ ဝါစိုက်တောင်သူများအား တစ်ဧကလျှင် ၂၁၀၀၀ နှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေး၍ ဝါထွက်နှုန်းတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

အလုံမြို့နှယ် အပတ(၄) ပြုပြင်တည်ဆောက်

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်(အနောက်ပိုင်း)ခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်း အမှတ်(၄)တွင် ပညာရေးဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုငွေကျပ် ၁၄၄ သိန်းဖြင့် MKT ကုမ္ပဏီမှ တာဝန်ယူကာ ကျောင်းဆောင်သစ် ဆောက်လုပ်လျက်ရှိကြောင်းသိရသည်။

စာသင်ကျောင်းဆောင်မှာ ပေ(၆၀×၃၀)ဖြစ်ပြီး အုတ်ညှပ်တစ်ထပ်ဆောင်ဖြစ်၍ စာသင်ဆောင်အဟောင်းကိုဖျက်ပြီး စတင်ဆောက်လုပ်လျက်ရှိရာ မကြာမီကာလအတွင်း ကျောင်းဆောင်ကို ပြီးစီးအောင်ဆောက်လုပ်မှာဖြစ်ကြောင်းနှင့် ကျောင်းသား၊ကျောင်းသူများကို အမတ(၁၂)အလုံတွင်ခေတ္တပညာသင်ကြားစေပြီး စာသင်ဆောင်ပြီးစီးသွားပါက ကျောင်းပြန်လည်ဖွင့်မှာဖြစ်ကြောင်း အမတ(၄)ကျောင်းအုပ်ဆရာကြီး ဦးထွန်းမြင့်အောင်ထံမှ စက်တင်ဘာ ၁၃ရက်က သိရသည်။

ကျောင်းသားမိဘများမှလည်း စာသင်ဆောင်ဆောက်လုပ်နေသည့် အတွက် အထူးပင်ဝမ်းမြောက်မိကြောင်း ကျောင်းသားမိဘ တစ်ဦးထံမှသိရသည်။

ကိုတင်မောင်ဦး(အလုံ)

ကန်တော့ခံပစ္စည်းနှင့် ငွေများ အိမ်တိုင်ရာရောက်ပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံစာရေးဆရာအသင်းမှ သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲသို့ မတက်ရောက် နိုင်သည့် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် လမ်းသစ်လမ်းနေ စာရေးဆရာ၊ ကဗျာဆရာ၊ မောင်လင်းယုန်(ရှမ်းပြည်)အား အင်းစိန်မြို့နယ် စာရေးဆရာအဖွဲ့ဥက္ကဋ္ဌ ဒါရိုက်တာ ဘုန်းဝေနှင့် အတွင်းရေးမှူးမောင်နွယ်မြင့်(စာပေဗိမာန်စာပေဆုရ)တို့က ပူဇော်ကန်တော့ပွဲကော်မတီကိုယ်စား ကန်တော့ခံငွေနှင့် ကန်တော့ခံပစ္စည်းများကို ဒီဇင်ဘာ ၁၀ ရက်က သွားရောက်ပေးအပ်ခဲ့ကြောင်းသိရသည်။ **(၆၈၄)**

သန်လျင်မြို့ မြို့မမြောက်ရပ်ကွက်၌ လူဦးရေနှင့်အိမ်အကြောင်းအရာရှင်းလင်း

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်(တောင်ပိုင်း)ခရိုင် သန်လျင်မြို့ မြို့မမြောက်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ဒီဇင်ဘာ ၁၀ ရက်က လူဦးရေနှင့်အိမ်အကြောင်း သိကောင်းစရာ သိသင့်သိထိုက်သည်များကို ကြိုတင်ဆောင်ရွက်ထားရှိနိုင်ရေးအတွက် ရှင်းလင်းပွဲကိုကျင်းပသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လ/ထ လဝကမှူး ဒေါ်ပပတင်နှင့်အဖွဲ့ဝင်များမှ သန်းခေါင်စာရင်းဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **(၆၀၈)**

အစိုးရ/စီးပွားရေးကြော်ငြာ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Dell Computer (17" Flat LCD) 9010	10 Nos
၂။	UPS (1.25 KVA)	10 Nos
၃။	Copier iR-3035	1No
၄။	Scanner (A4)	1 No
၅။	Laser Jet Printer (A4)	8 Nos
၆။	Fax	3 Nos
၇။	Copier Paper (Double A4) 80gm	350package
၈။	Toner (NPG-26, NPG-50, NPG-28, NPG-54, NPG-35, cp 105b)	5 Nos
၉။	Cartridage(05 A, 35A, 53A, EP22, FX-3, FX-9, 303, 325, 328)	10 Nos
၁၀။	Air-con	6 Nos
၁၁။	ရေသန့်စက်	3 Nos
၁၂။	Binding Machine (Wire Coil)	1 No

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - အိတ်ဖွင့်တင်ဒါများကို ၁၇-၁၂-၂၀၁၃ရက်မှ ၂၀-၁၂-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄နာရီအတွင်း နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရမည့်ရက် - ၂၃-၁၂-၂၀၁၃ရက် နံနက် ၉း၃၀ နာရီမှ နံနက် ၁၀း၃၀နာရီအတွင်း နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၃-၁၂-၂၀၁၃ရက် နံနက် ၁၀း၃၀နာရီ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁) နေပြည်တော်

၅။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၁၅ နှင့် ၀၆၇-၄၀၇၁၅၂ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်။

MobiTel Communication Co.,Ltd.

No.63, MobiTel Tower, Latha (Lower Block),
Latha Township
Phone; 01-371415 (Ext;113), 01-1221107

ဝန်ထမ်းအမြန်အလိုရှိသည်။ (ပြည်တွင်း၌သာခန့်ထားရန်)

ဖုန်းအရောင်းဆိုင် (Retail) မန်နေဂျာ **ကျား/မ (၂၀)ဦး**

- B.A (Eco) ဘွဲ့ရ (သို့)တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ရမည်။
- အသက်(၂၇)နှစ်မှ (၃၂)နှစ်အတွင်း ဖြစ်ရမည်။
- ဖုန်းအရောင်းဆိုင် မန်နေဂျာအတွေ့အကြုံ (၂)နှစ်ရှိရမည်။
- ဖုန်းအရောင်းဆိုင် Sales Plan (Report) များအားရေးဆွဲတင်ပြနိုင်သူဖြစ်ရမည်။
- ဆက်ဆံရေးကောင်းမွန်ပြီး သွက်လက်ထက်မြတ်၊ ရည်မွန်ပြေပြစ်၊ ရုပ်ရည်သန့်ပြန့်သူ ဖြစ်ရမည်။
- Team, Spirit, Leadership Skillနှင့် စီမံခန့်ခွဲနိုင်သည့် အရည်အချင်းရှိရမည်။
- အင်္ဂလိပ်စကားပြောနိုင်ပြီး Under Pressure အောက်တွင် လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
- နိုင်ငံခြား Company(ပြည်တွင်း/ပြည်ပ) လုပ်ငန်းခွင်အတွေ့အကြုံရှိသူ ဦးစားပေးမည်။
- Computer Skills, IT Skills ကျွမ်းကျင်ရမည်။

ဖုန်းအရောင်းမန်နေဂျာ (Wholesale) **ကျား/မ (၂၀)ဦး**

- အသက်(၂၇)နှစ်မှ (၃၂)နှစ်အတွင်း
- B.Com ဘွဲ့ရ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ရမည်.
- အရောင်းမန်နေဂျာအတွေ့အကြုံ(၂)နှစ်ရှိရမည်။
- အရောင်းအဖွဲ့အားကောင်းမွန်စွာ အုပ်ချုပ်နိုင်ရမည်။
- Sales Plan များအား ရေးဆွဲနိုင်သူဖြစ်ရမည်။
- အများနှင့်ပူးပေါင်းဆောင်ရွက်နိုင်သူ၊ Customer များနှင့် ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
- နိုင်ငံခြားလုပ်ငန်းခွင်အတွေ့အကြုံရှိသူ ဦးစားပေးမည်။
- အင်္ဂလိပ်စကားပြောနိုင်ရမည်။
- Computer Skills, IT Skills ကျွမ်းကျင်ရမည်။
- လိုအပ်ပါက နယ်ခရီးသွားနိုင်ရမည်။

ဖုန်းအရောင်းဝန်ထမ်း **ကျား/မ (၁၀)ဦး**

- အသက်(၂၀)နှစ်မှ (၂၉)နှစ်အတွင်း
- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိထားပြီး(သို့) Sales & Marketing နှင့်ပတ်သက်သော Certificate(သို့)Diploma တစ်ခုခုရရှိထားသူဖြစ်ရမည်။
- ဖုန်းနှင့်ပတ်သက်ပြီး စိတ်ဝင်စားသူဖြစ်ရမည်။
- အများနှင့်ပူးပေါင်းဆောင်ရွက်နိုင်သူ၊ Customer များနှင့် ဆက်ဆံရေးကောင်းမွန်သူ ဖြစ်ရမည်။
- Computer အခြေခံတတ်ကျွမ်းရမည်။
- အင်္ဂလိပ်စကား အသင့်အတင့် ပြောဆိုနိုင်ရမည်။
- လျှောက်ထားလိုသူများသည် CV Form အပြည့်အစုံ၊ ပညာအရည်အချင်းအထောက်အထား၊ လိုင်စင်ဓာတ်ပုံ(၂)ပုံတို့နှင့်အတူ ကြော်ငြာစာပါသည့်ရက်မှ (၁)ပတ်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။



ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ကျင်းပ

မြစ်ကြီးနား ဒီဇင်ဘာ ၁၅

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် မိုးညှင်းမြို့ ကက်သလစ်အသင်းတော် ဓမ္မရိပ်သာခန်းမ၌ ကျင်းပရာ ခရိုင်ကျန်းမာရေးဌာနမှူးဒေါက်တာဝင်းဝင်းဌေးက အဖွင့်အမှာစကားပြောကြားပြီး သားဖွားမီးယပ်အထူးကုဆရာဝန် ဒေါက်တာအေးအေးဟန်က ခုခံအားကျဆင်းမှု ကူးဆက်ရောဂါနှင့် ပတ်သက်၍ ကူးစက်မှုလျော့ကျစေရေးနှင့် သေဆုံးမှု လျော့နည်းစေရေးနည်းလမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်နှင့် တာဝန်ရှိသူအသီးသီးတို့က ဆုများချီးမြှင့်ကြပြီး မေတ္တာလေညှင်းလူမှုအထောက်အကူပြုအဖွဲ့က အဝတ်အထည်များကို မေတ္တာကွန်ရက်အဖွဲ့ဝင်များအား လျှုဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(ခင်မောင်ထွန်း)

ရှုပ်ထွေးယာဉ်ရှင်းလင်းမှု ပြည်သူများပါဝင်ဆောင်ရွက်ရန် လှုံ့ဆော်

ရန်ကုန် ဒီဇင်ဘာ ၁၅

ဒလမြို့နယ် သင်္ဘောဆိပ်တွင် စည်းကမ်းမဲ့ရပ်တန့်မောင်းနှင်နေကြသော မော်တော်ယာဉ်၊ ဆိုင်ကယ်များ၊ ဈေးသည်များ၊ ဆိုက်ကားများကြောင့် အမြဲတစေယာဉ်ကြောရှုပ်ထွေးလျက်ရှိပြီး ခရီးသွားပြည်သူများသွားလာရာတွင် ပိတ်ဆို့မှု အခက်အခဲဖြစ်လျက်ရှိသည်။

ရှုပ်ထွေးယာဉ်များအား သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ စနစ်တကျရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။ ထိုသို့ရှင်းလင်းဆောင်ရွက်နေသူများအပြင် ပြည်သူတစ်ရပ်လုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အသိပေးပို့စတာကြီးများကိုလည်း ဒလသင်္ဘောဆိပ်နှင့်ကပ်ခွာအဝိုင်းဘက်သို့အဆင်းတွင် စိုက်ထူထားလျက်ရှိရာ ဒီဇင်ဘာ ၁၃ ရက်က ပုံပါအတိုင်း တွေ့မြင်ခဲ့ရသည်။ **(ဝ၄၁)**

အလေအလွင့်

အောင်ကျော်ညို(ဆင်ချဆိပ်)

အလေအလွင့်ဟူသည် တစ်စုံတစ်ရာသောဘေးပယောဂကြောင့် မဆုံးရှုံးသင့်ပါဘဲလျက် အလဟဿအချည်းအနှီးဖြစ်သွားရမှု၏ ကိုယ်စားပြုအမည်နာမတစ်ခု။ ယေဘုယျအားဖြင့် ပိုလျှံအလေအလွင့်နှင့် ဆုံးရှုံးအလေအလွင့်ဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ အချိန်တိုင်းနေရာတိုင်းမှာ အလေအလွင့်ဟူသည်ရှိစမြဲ။ တချို့သောအလေအလွင့်များမှာ လူတို့၏ပယောဂကြောင့် တချို့မှာကားရာသီဥတုဖောက်ပြန်မှုကြောင့်ဖြစ်ရခြင်း။ သဘာဝတရားကြောင့် ဖြစ်သွားရသည်မှာ သဘာဝမို့မတတ်နိုင်၍ ဖြေသာသေးသော်လည်း လူတို့၏ပယောဂကြောင့် ဖြစ်နေရသောအလေအလွင့်များမှာကား ပြဿနာတစ်ရပ်ပင်ဖြစ်ပါသည်။

ယခုနှစ်ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ကြီး၏ အစီရင်ခံစာတွင် ကမ္ဘာတစ်ဝန်းထုတ်လုပ်သည့် စားနပ်ရိက္ခာအားလုံး၏သုံးပုံတစ်ပုံသည် အလေအလွင့်ဖြစ်နေရကြောင်း၊ ရိက္ခာတန်ချိန်အားဖြင့် ၁ ဒသမ ၃ဘီလျံခန့်ရှိပြီး ဤပမာဏ၏လေးပုံတစ်ပုံဖြင့် လက်ရှိအင်တိုးကြုံပြည်သူ ၈၄၂ သန်းကို လုံလောက်စွာထောက်ပံ့ပေးနိုင်ကြောင်း စာရင်းတိကျနှင့် ရှင်းပြသွားသည်။

လယ်ယာကဏ္ဍတွင် ပုံမှန်နှင့်လတ်တလောဟူ၍ အလေအလွင့်ဖြစ်မှုနှစ်မျိုးနှစ်စားရှိသည်ကို တွေ့ရသည်။ ပုံမှန်အလေအလွင့်ကို နည်းပညာနှင့် ကုစားရနိုင်သလို လတ်တလောအလေအလွင့်ကိုမူကား အားလုံး ဝိုင်းဝန်းတားဆီးကာကွယ်ပေးရမည့် သဘောဆောင်နေသည်။

မိမိတို့နိုင်ငံ၏ ကျေးလက်ဒေသအများအပြားတွင် စပါးကိုကြပက်စိုက်ပျိုးခြင်း၊ အထူးအပါးလိုက်၍ ပျိုးနုတ်ပျိုးဖာခြင်း စသဖြင့်သမားရိုးကျလုပ်ကိုင်နေကြဆဲပါ။ ကောက်ရိတ်သိမ်းချိန်တွင်လည်း ဒေသခံလူအင်အားနှင့် တံစဉ်ကိုင်ရိတ်သိမ်းနေကြရဆဲ။ နွားနှင့်ထွန်ယက်၊ နွားနှင့်တလင်းနယ်၊နွားဆွဲလှည်းများနှင့် သယ်ယူပို့ဆောင်လျက် နွားနှင့်ဖက်၍ ရုန်းကန်နေကြရဆဲ။ဤမိရိုးဖလာစိုက်ပျိုးထုတ်လုပ်မှုများကြောင့် အထွက်တိုးသင့်ပါလျက် မတိုးနိုင်ဖြစ်နေရခြင်းကို ပုံမှန်အလေအလွင့်တစ်မျိုးဟုဆိုနိုင်ပါသည်။

စပါးရိတ်သိမ်းချိန် လူအင်အားနည်းနည်းဖြင့် အလှည့်ကျစောင့်ဆိုင်းရိတ်သိမ်းနေရမှုကြောင့် အမှည့်လွန်စပါးခင်းများမှ အလေအလွင့်များ ရိတ်သိမ်းပြီဆိုလျှင်လည်း မြန်မြန်ဆန်ဆန်အလျင်စလို လုပ်ဆောင်ကြမှုကြောင့် ကောက်နှံများကျိုးကြေ စပါးစေ့များ တဖွားဖွားကြွေနှင့် လယ်ကွင်းထဲမှာ ထက်ဝက်မက ကျန်ခဲ့ရခြင်းများ။ ထို့ကြောင့်လည်းကျေးလက်သုံး "ဖိတ်စင်တစ်ဝက်"ဝေါဟာရရိတ်သိမ်းချိန်လွန်ကျန်ခဲ့သော ကောက်နှံစပါးများကို လိုက်လံကောက်ကြရာမှ "ကောက်သင်းကောက်"ဟူသော ဝေါဟာရ။ အလေအလွင့်ကို အကြောင်းပြု၍ ဖြစ်လာခဲ့သည့် ကျေးလက်စကား ဥပမာများပင်ဖြစ်ပါသည်။

လယ်ယာလုပ်ငန်းခွင်၏ လတ်တလောအလေအလွင့်များမှာ (၁)ဧရာဝတီတိုင်းဒေသကြီး၊ မြို့နယ်တချို့တွင် ကောက်ရိတ်ခနှစ်ဆပေးထားလည်း ရိတ်သိမ်းပေးမည့်သူ မရှိသလောက်ဖြစ်နေရခြင်း။ ဧရာဝတီကဲ့သို့ တိုင်းနှင့်ပြည်နယ် အနှံ့မှာလည်းဤအဖြစ်မျိုးကြုံတွေ့နေရဆဲ။ လုပ်သားရှားပါးလုပ်အား အလေအလွင့်များ။

(၂)လယ်ယာလုပ်ငန်းခွင်၏ အဓိကခွန်အားရှင်များဖြစ်သည့် ခိုင်းကျွဲ၊ ခိုင်းနွားများရှားပါးလာနေမှု။ ကုန်သည်ပွဲစားများ၏ ဈေးကောင်းပေးဝယ်ကာ တရားမဝင်နယ်စပ်ဖြတ်ကျော် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချနေကြ၍ဖြစ်သည်။ တစ်နိုင်ငံလုံးလွှမ်းခြုံ စက်မှုလယ်ယာစနစ် မဖြစ်လာသေးချိန် "သစ်မရောက်ခင်ဝါးကူ"ဆိုသလို ဤကဲ့သို့ နွားများ၏အားကိုလိုအပ်နေဆဲ။ လုပ်အားရှင်အလေအလွင့်လတ်တလော ပြဿနာများ။

ယနေ့ကမ္ဘာတွင် ကျန်းမာရေးအတွက် လုံလောက်သည့်အာဟာရ မရရှိသူလူဦးရေ ၂ ဘီလီယံခန့်ရှိနေပြီး ၈၄၂ သန်းမှာ အင်တိုးနှင့် ကြုံတွေ့နေရသည်။အသက်(၅)နှစ်အရွယ် ကလေး ၄ ဦးလျှင်တစ်ဦးက အာဟာရချို့တဲ့လျက်ရှိနေသည်။ အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ ဖြစ်နေရသည့် ကမ္ဘာ့မိသားစုဝမ်းရေးပြဿနာ။ သို့သော် ဖွံ့ဖြိုးပြီးနိုင်ငံများမှလူဦးရေ ၁ ဒသမ ၄ ဘီလီခန့်မှာ အစာရေစာအလျှံပယ် အလွန်အကျွံစားသောက်နေကြရ၍ အဝလွန်ကာဆီးချို၊ သွေးတိုးရောဂါများခံစားနေကြရသည်။ အချိုးမညီ အာဟာရအလေအလွင့်ပြဿနာများ။

၂၀၅၀-ပြည့်တွင်ကမ္ဘာ့လူဦးရေ ၉ ဘီလီယံကျော်လာမည်။ လက်ရှိအတိုင်းဆိုလျှင် "ဘူးလေးရာဖရုံဆင့်"အင်တိုးဆိုက် ထိန်းမနိုင်သိမ်း မရဖြစ်လာနိုင်သည်။ မိမိတို့နိုင်ငံတွင်လည်း ၂၀၅၀ တွင် လူဦးရေသန်း ၁၀၀ထိရှိလာမည်။ သို့သော် ကြိုတင်ပြင်ဆင်ထားရုံနှင့်မမိတို့နိုင်ငံအတွက် အာဟာရပြဿနာကို ကျော်လွှားနိုင်ပါသည်။တစ်ဖက်တွင် မြေလွတ်မြေရိုင်းများဖော်ထုတ်ခြင်း။ အခြားတစ်ဖက်တွင် ကောက်ပဲသီးနှံအလေအလွင့်များကို ပိုင်ပိုင်နိုင်နိုင်ထိန်းချုပ်ခြင်း၊ နည်းလမ်းနှစ်သွယ်ဖြင့် စားနပ်ရိက္ခာဖူလုံရေးကို ဆောင်ရွက်ပေးသွားနိုင်ပါသည်။ လက်ရှိနေပြည်တော်စံပြစိုက်ခင်းမှ နမူနာကောင်းများအနက် တစ်နိုင်ငံလုံးမှာ စက်နှင့်ထွန်ယက်မပြုလုပ်နိုင်သေးလည်း ရိတ်သိမ်းခြွေလှေ့ စက်များ စိုက်ခင်းများအနှံ့ ရောက်ရှိသွားနိုင်ပြီဆိုပါလျှင်"စိုက်ခင်းမှသည် စားပွဲဆီသို့" (Farm To Table)ဖြတ်သန်းရာအဆင့်ဆင့်တွင် ထွက်ရှိသမျှ ကောက်ပဲသီးနှံများ အလေအလွင့်မရှိ အပြည့်အဝသိမ်းဆည်းလာနိုင်ပါလိမ့်မည်။ ထိုအချိန်သန်း ၁၀၀ မက လူဦးရေတိုးပွားလာလည်းပြဿနာမရှိနိုင်သေးကြောင်းပါ။

စီးပွားရေးကြော်ငြာ





တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အဖ ဦးသိန်းမောင်၏သမီး[၉/ပမန(နိုင်)၀၂၄၆၄] ဒေါ်ငယ်ငယ်ထွေးနှင့်ဒေါ်ခင်ချိုင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။



စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ရတနာတ္တယသမဂ္ဂဝတ်အသင်းမှ ကြီးမှူး၍ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ (၆၃)ကြိမ်မြောက် ဆက်တပ်လှူဒါန်းပူဇော်မည့် ငွေကျပ် ၈၁၆ သိန်းတန်ဖိုးရှိ ရွှေစင်ရွှေပြားသက်နှံတော် တစ်ပိဿာ ၃၆ ကျပ်သားကို ဒီဇင်ဘာ ၁၃ ရက်က စမ်းချောင်းမြို့နယ်အတွင်း လှည့်လည်ပူဇော်စဉ်။ (တင်ဝင်းလေး-ကြည့်မြင်တိုင်)

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်း

ကျိုက်ထို ဒီဇင်ဘာ ၁၅

မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ရန်ကုန်မြို့ တာမွေမြို့နယ် ဖိုးစိန်လမ်းနေ အလှူရှင်ဦးသိန်းညွန့်-ဒေါ်မြကြည် မိသားစုတို့က အလှူတော်ငွေကျပ်သိန်း ၁၀၀၀ ကို ကျိုက်ထီးရိုးဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သို့ ဒီဇင်ဘာ ၄ ရက်က အဆိုပါရုံးဧည့်ခန်းမ၌ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဌေးဝင်း၊ အတွင်းရေးမှူး ဦးမြင့်သိန်း၊ ဘဏ္ဍာရေးမှူး၊ ရုံးအဖွဲ့မှူးနှင့် အလှူရှင် မိသားစုများ တက်ရောက်ကြပြီး အလှူတော်ငွေကျပ်သိန်း ၁၀၀၀ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဘုရားကြီး ဓာတ်ပုံကားချပ်များကို အဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးဌေးဝင်းက ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၅၃၇)**

လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် သန်းခေါင်စာရင်းအကြောင်း ရှင်းလင်းဆွေးနွေး

မြစ်ငယ် ဒီဇင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့မရပ်ကွက် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)တွင် ဒီဇင်ဘာ ၁၃ ရက်ညနေ ၃ နာရီက မီးရထားစက်ရုံဝင်းအတွင်း လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများနှင့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို စက်ရုံအဆောက်အအုံအတွင်း၌ ကျင်းပခဲ့သည်။ ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးမှူးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒုဥက္ကဋ္ဌကြားရေးမှူး ဦးအောင်မင်းက အဖွင့်အမှာစကားပြောကြားပြီး သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောပြီး ခရိုင်ဦးစီးဌာနမှူး ဦးကျော်စိန်ထွန်းက မေးခွန်း ၄၁ ချက်ပါ အကြောင်းအရာများကို တက်ရောက်လာကြသူများအား ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသော စက်ရုံဝန်ထမ်းများက မိမိတို့သိရှိလိုသော အကြောင်းအရာများကို မေးမြန်းကြရာ ဒုတိုင်းဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူးတို့က အသေးစိတ် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)အထွေထွေမန်နေဂျာနှင့် အရာထမ်း အမှုထမ်းများ၊ စက်ရုံအလုပ်သမားများ၊ ရပ်ကွက်သန်းခေါင်စာရင်းကော်မတီဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမရပူရမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးမှူးနှင့် ဝန်ထမ်းများ စုစုပေါင်း အင်အား ၁၄၀၀ ကျော် တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများကို လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ဟိုပန် ဒီဇင်ဘာ ၁၅

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့၌ ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲ ပြည်သူများပါဝင်ဆင်နွဲ

ဒေသခံပြည်သူတစ်ရပ်လုံး ကျန်းမာကြီခိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအား ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာလူထု စုပေါင်းလမ်းလျှောက်ပွဲကို "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့၏ဦးဆောင်မှု၊ မြို့နယ်အားကစားကော်မတီ၏ကြီးကြပ်မှုဖြင့် ယမန်နေ့ နံနက် ၅ နာရီခွဲက ဟိုပန်မြို့၌ ဆင်နွဲသည်။

ဟိုပန်မြို့ မြို့လယ်ဗျူးပွိုင့်လမ်းဆုံ၌ ဦးစီးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံများက နံနက် ၅ နာရီတွင် ဗျူးပွိုင့်လမ်းဆုံမှ စတင်ထွက်ခွာပြီး ကောင်ဟုန်းရပ်ကွက်၊ နုံးကုန်းရပ်ကွက်နှင့် မြို့ကွက်သစ်တို့ကိုဖြတ်ကျော်၍ သတ်မှတ်နေရာ ရွှေဝါကျေးရွာသို့ စည်ကားသိုက်မြိုက်စွာဖြင့် တပျော်တပါးလမ်းလျှောက်ကြသည်။ လမ်းလျှောက်ပွဲဆင်နွဲသူများအား ဧည့်ခံကျွေးမွေးရေးအစီအစဉ်နှင့် အတူ ပန်ခွန်သတ္တုတူးဖော်ရေးကုမ္ပဏီမှလည်း ကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စီးပွားရေးကြော်ငြာ





စာစီစာကုံး၊ ကဗျာ၊ ကျေးပန်းစကားပြောနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပ

သထုံ ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေရှင်း၏ ကူညီပံ့ပိုးမှုဖြင့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်တိုးတက်မြင့်မားရေးအတွက် သထုံမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများအား စာစီစာကုံး၊ ကဗျာ၊ ကျေးပန်းစကားပြောနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်များက အထက(၂) သထုံတွင် လှမဉ္ဇာ ခန်းမ၌ ကျင်းပသည်။ ပြိုင်ပွဲများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်စောလင်းနှင့် ခရိုင်ပညာရေးမှူးရုံး စီမံဘဏ္ဍာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ပြိုင်ပွဲများကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်နှင့် ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာဝင်ဌေးက ပြိုင်ပွဲအမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲများကို ကျင်းပရာ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၄၈ ဦး၊

ကဗျာပြိုင်ပွဲတွင် ၃၀၊ ကျေးပန်းစကားပြောပြိုင်ပွဲတွင် ၂၅ ဦး၊ စာစီစာကုံးပြိုင်ပွဲတွင် ၄၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား သထုံမြို့သုဝဏ္ဏခန်းမ၌ ဒီဇင်ဘာ ၁၇ ရက်တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၆ ရက်တွင် စာရေးဆရာချစ်နိုင် (စိတ်ပညာ)၊ နွမ်ဂျာသိုင်းနှင့် အကြည်တော်တို့က စာပေဗဟုသုတများကို ဆွေးနွေးဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင်မြန်/ဆက်)**

ဆီးဂိမ်းကာလအတွင်း မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးတွင် သုံးမြွှာပူးအောင်မြင်စွာ မွေးဖွား

မုံရွာ ဒီဇင်ဘာ ၁၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပချိန်ဖြစ်သည့် ဒီဇင်ဘာ ၁၃ ရက်(သောကြာနေ့)နံနက်က မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး၌ သုံးမြွှာပူးကလေးငယ်များကိုအောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။

နံနက် ၁၀ နာရီ ၄၃ မိနစ်တွင် ၅ ပေါင်ရှိသည့် ပထမဦးဆုံး ယောကျ်ားလေးကို မွေးဖွားပေးခဲ့ပြီး တစ်မိနစ်ခြားကာ ၁၀ နာရီ ၄၄ မိနစ်တွင် ၄ပေါင် ၄ အောင်စရှိ မိန်းကလေးနှင့် ၁၀ နာရီ ၄၅ မိနစ်တွင် ၄ ပေါင် ၄ အောင်စရှိ တတိယမြောက် ယောကျ်ားလေးတို့ကို အောင်မြင်စွာမွေးဖွားပေးခဲ့ပြီး ကလေးငယ်သုံးဦး၏ ကျန်းမာရေးအတွက် မုံရွာပြည်သူ့ဆေးရုံကြီး၏ ကလေးဆောင်တွင် ဆရာဝန်၊ ဆရာမများက ကြပ်မတ်ကုသစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

သုံးမြွှာပူးကလေးများကို ဒီပဲယင်းမြို့နယ် မြကန်သာကျေးရွာနေ ကိုခိုင်လတ်-မနှင်းမာတို့မှ သုံးကြိမ်မြောက် မွေးဖွားခြင်းဖြစ်ပြီး ငါးနှစ်ခွဲရှိ မိန်းကလေးတစ်ဦးနှင့် နှစ်နှစ်ခွဲအရွယ်ရှိ ယောကျ်ားလေးတစ်ဦးတို့ကို မွေးဖွားထားပြီးဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် မော်လမြိုင်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

မော်လမြိုင် ဒီဇင်ဘာ ၁၅

မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးသည် မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးညီညီစိုး၊ မွန်ပြည်နယ်တရားရေး

ဦးစီးမှူး ဦးသန်းအောင်နှင့် မော်လမြိုင်ခရိုင် တရားသူကြီး ဒေါ်တင်မြတ်နှင့် အတူ ဒီဇင်ဘာ ၁၃ ရက်က မွန်ပြည်နယ် မော်လမြိုင်အကျဉ်းထောင်ကို စစ်ဆေးကြသည်။ (အောက်ဝဲပုံ)

မော်လမြိုင်အကျဉ်းထောင် တာဝန်ခံအရာရှိရုံးခန်းတွင် အကျဉ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအုန်းသွင်၊ မော်လမြိုင်အကျဉ်းထောင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ကြီးတို့က အချုပ်တရားခံ၊ အကျဉ်းသားများ၏ အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်အဖွဲ့သည် အချုပ်သားနှင့်အကျဉ်းသားများ၏ အမျိုးသား အမျိုးသမီးအဆောင်များ၊ စားဖိုဆောင်၊ အကျဉ်းထောင်ဆေးရုံ၊ အကျဉ်းထောင်ရေသန့်စက်ရုံ၊ ထောင်တွင်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှု၍ အချုပ်သားတရားခံများ၊ အကျဉ်းသားများနှင့်တွေ့ဆုံပြီး နေရာထိုင်ခင်း၊ အစားအသောက်နှင့် မကျန်းမာပါက ဆေးကုသခွင့်၊ အမျိုးသမီးတရားခံများအား အကာအရံဖြင့် လုံခြုံစွာထားရှိမှု၊ အမျိုးသမီးအဖော်အစောင့်အရှောက်ဖြင့် ထားရှိမှုအခြေအနေ၊ တရားခံများအား နှိပ်စက်ညှဉ်းပန်းခြင်း ရှိမရှိ၊ ဥပဒေနှင့်အညီရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးစသည်တို့နှင့် စပ်လျဉ်း၍ တရားခံများအား တွေ့ဆုံမေးမြန်း၍လိုအပ်သည်များကို ကြည့်ရှုစစ်ဆေးပြီး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ အသိပညာပေးဟောပြော

ရွှေတောင် ဒီဇင်ဘာ ၁၅

ပြည်ခရိုင် ရွှေတောင်မြို့နယ် တမူးစားအုပ်စု ကုန်းတန်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းအသိပညာပေးဟောပြောခြင်းနှင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာတတ်သူတိုင်း စာဖတ်ရေး ဟောပြောပွဲကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်အေးအေးဆင့်က ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၁ ရက်အထိ ကောက်ယူမည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး လုပ်ငန်းအကြောင်းနှင့် ပတ်သက်၍ ကျေးလက်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ပြည်သူများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ရေးနှင့် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတ ပြည့်ဝစေရေးတို့ကို ဟောပြောဆွေးနွေးသည်။ ဒီဇင်ဘာလအတွင်း ကျေးရွာငါးရွာသို့ ကွင်းဆင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝန်ထမ်းဟောင်းများ ပြန်လည်တွေ့ဆုံပွဲ

မြန်မာနိုင်ငံတော် ဗဟိုဘဏ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းဟောင်းများ ပြန်လည်တွေ့ဆုံပွဲ ပြုလုပ်မည်ဖြစ်ပါ၍ ၁၂-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အလိုတော်ပြည့်ကျောင်းတိုက်၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့သို့ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-
ဦးမောင်မောင်ကြိုင်
-၀၉-၇၃၂၀၀၄၁၁
ဦးသန်းတင်ဝင်း
-၀۹-၃၁၂၈၅၅
ဦးအေးလွင်
-၀۹-۷۲۰۸۸۹۰۸
ဒေါ်နော်ထွေးကြည်
-၀۹-۹۵۰۰۲۹۲۶۶

အကျိုးဆောင်အဖွဲ့
ဦးမောင်မောင်လေး
-၀۹-۵۰۹۲۷۵۶
ဦးအောင်ဇော်မြင့်
-၀۹-۹۲۰۵۵۲۲۲
ဦးကျော်ဝင်း
-၀۹-۹۲۰۵۹۵۶
ဒေါ်ခင်ကျော့ဝေ
-၀۹-۹۲۰۰۰۹۲۰۲

(၂၀)ကြိမ်မြောက် ရက်(၆၀)တရားစခန်းဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရုံးဟောင်းလမ်း၊ မြို့ကြီးကုန်ရိပ်သာရပ်ကွက်၊ မောင်းထောင်မြေဇင်းတောရတိုက်ခွဲ အပြည်ပြည်ဆိုင်ရာ ဗေဒိအေးငြိမ်းရိပ်သာ ဆရာတော် အရှင်ကေလာသသည် မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ ဥပနိဿုအတိုင်း ရက်(၆၀) တရားစခန်းကို (၁၃-၇-၂၀۱۳ ရက်) ၂၉-၁-၂-၂၀۱۴ ရက်(တနင်္ဂနွေနေ့) နံနက် စနာရီတွင် ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသည့်ယောဂီများသည် ကြိုတင်စာရင်းပေးကာ ထိုနေ့ထိုအချိန်တွင် လာရောက်ကြပါရန် အသိပေးအပ်ပါသည်။
မှတ်ချက်။ ။ယောဂီဟောင်းများလည်းပြန်လည်လက်ခံသည်။

ဆက်သွယ်ရန်-
အပြည်ပြည်ဆိုင်ရာ ဗေဒိအေးငြိမ်းရပ်သာ
ရုံးဟောင်းလမ်း၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၆၂၁၁၃၊ ၀۹-۷۲۰۲۲۱۲۲၊ ၀۹-۲۰۲۲۲۶۶၊ ၀۹-۹۲۰۱۱۲۹۲

IGCSE
Mathematics
Tel: 09-73159516, 09-73109570







ပို့ဆောင်သက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဌာနကော်မတီ (Delivery Unit)သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ မိုးနဲ- လင်းခေးလမ်းပိုင်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ပြန်လည်အကောင်အထည်ဖော်ရန် ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ လျာထားဆောင်ရွက်နေပါသည်။ ယခု လမ်းပိုင်းသည် မိုးနဲ-ကျိုင်းတုံလမ်း ရထားဖောက်လုပ်ရေးစီမံကိန်း၌ ပါဝင်သဖြင့် နှစ်ရှည်စီမံကိန်းအတွက် ဘဏ္ဍာငွေရသည့်အခါတွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ ကလောမြို့နယ်အတွင်းရှိ ရထားလမ်းများအား အဆင့်မြင့်ပြုပြင်ပေးပါရန် ကွန်ကရစ်ဇလီဖားတုံးများလဲပေးရန် ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် သာစည်-ကလော-ရွှေညောင်ရထားလမ်းကို ရွှေညောင်၌ရှိသော ကွန်ကရစ်ဇလီဖားစက်ရုံမှ ထုတ်လုပ်သော ကွန်ကရစ်ဇလီဖားများဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ပြုပြင်နေပြီဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်ခန့်တွင်ပြီးစီးရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ လွိုင်လင်မြို့နယ်နှင့် ပင်လုံမြို့နယ်ခွဲတွင် လိုင်း(၇၀၀)အော်တိုအိတ်ချိန်းတစ်ခုရှိပါသည်။ သို့ဖြစ်ပါ၍ လက်ရှိကာလတွင် လူဦးရေ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပါသဖြင့် အော်တိုအိတ်ချိန်းသစ်တစ်ခု တိုးချဲ့တည်ဆောက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ CDMA-450 ဖုန်းလိုင်းမမီ၍ ကောင်းမွန်အောင်ဆောင်ရွက်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် လွိုင်လင်မြို့နှင့် ပင်လုံမြို့နယ်ခွဲအတွက် အော်တိုအိတ်ချိန်းတစ်ခုတည်ဆောက်ထားရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပင်လုံမြို့တွင် လိုင်း (၅၀၀)အိတ်ချိန်းနှင့် လွိုင်လင်မြို့တွင် လိုင်း(၅၀၀)အိတ်ချိန်းတစ်ခုစီ တည်ဆောက်တပ်ဆင်ပေးသွားမည်ဖြစ်ပါသည်။ လွိုင်လင်မြို့ လက်ရှိမိုဘိုင်းစခန်းတွင် လိုင်း(၅၀၀)အော်တိုအိတ်ချိန်းတစ်ခုအား တည်ဆောက်တပ်ဆင်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ လွိုင်လင်မြို့နှင့် ပင်လုံမြို့နယ်ခွဲများတွင် အင်တာနက်စနစ်များ ခေတ်နှင့်အညီ ကောင်းမွန်စွာ ချိတ်ဆက်အသုံးပြုနိုင်ပါရန် ADSL စနစ် တပ်ဆင်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း e-Government လုပ်ငန်းနှင့်ဆက်စပ်လျက် လွိုင်လင်မြို့တွင် 24 Port ADSL DSLAM တစ်လုံး အသစ်တပ်ဆင်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ ယခင်အသုံးပြုခဲ့သည့် လက်လှည့်တယ်လီဖုန်းစနစ်မှာ ဆက်သွယ်ရန်ခက်ခဲသဖြင့် ၂၀၀၉ ခုနှစ်မှစတင်၍ အသုံးမပြုတော့သဖြင့် မူလဖုန်းတိုင်နှင့် ဖုန်းကြိုးဟောင်းများ ပြန်လည်ဖြုတ်သိမ်းပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ လက်လှည့်အိတ်ချိန်းကိစ္စနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ရရှိပါက ပိတ်သိမ်းနိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှု အခြေအနေများ

၁။ နမ့်စန်မြို့နယ် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်း မိုင် ၂/၀ ရှိ သစ်ကွင်းရှေ့ (၁)ဖာလုံနှင့် မိုင်(၁၁/၀)နှင့် (၁၃/၀)ကြား (ဟိုက်ဖက်ရွာတွင်း) ၃ဖာလုံခန့် စုစုပေါင်း ၄ဖာလုံခန့်မှာ ကတ္တရာလမ်း မျက်နှာပြင်ပျက်စီးနေသဖြင့် ယာဉ်သွားလာမှု ပိုမိုချောမွေ့စေရန် ပြုပြင်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်း၏ အဆိုပါလမ်းမျက်နှာပြင် ပျက်စီးနေသောအပိုင်း ၄ဖာလုံအား ပြုပြင်နိုင်ရန် ရန်ပုံငွေတင်ပြတောင်းခံ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

၂။ ရွာငံမြို့နယ်အတွင်းရှိ အောင်ပန်း-ရွာငံ-ဟန်မြင့်မိုရ်-မြို့ကြီး လမ်းပေါ်တွင် အောင်ပန်း-ရွာငံကြား မိုင်တိုင်အမှတ်- ၁/၅၅ ရှိ (၁၂' x ၃၀')၊ ညောင်တုန်းတံတားအမှတ်-၂/၆၁ ရှိ(၁၂' x ၇၀')၊ လေးရွာတံတား မိုင်တိုင်အမှတ်-၁/၆၄ ရှိ (၁၂' x ၃၀')၊ ညောင်ပင်ဂွတံတား မိုင်တိုင်အမှတ်-၃/၆၈ ရှိ (၁၂' x ၃၀')၊ မင်းတိုင်ပင်တံတားတို့အား ကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်ခြင်းကို စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ဟန်မြင့်မိုရ်- မြို့ကြီး- ရွာငံ- အောင်ပန်းလမ်းပေါ်ရှိ သစ်သားတံတားအမှတ်- ၁/၅၅(၁၂' x ၃၀')၊ တံတားအမှတ်- ၂/၆၁ (၁၂' x ၇၀') ဘေလီတံတား၊ သစ်သားတံတားအမှတ်-၁/၆၄ (၁၂' x ၃၀')၊ သစ်သားတံတားအမှတ်-၃/၆၈ (၁၂' x ၃၀') စုစုပေါင်း သစ်သားတံတားလေးစင်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ရန်အတွက် JICA အစီအစဉ်တွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်ရှိ မိုင်းပွန်နှင့် လွိုင်လင်အကြားလမ်းအပိုင်းများတွင် မြေသားပဲ့ကျမှုများမဖြစ်အောင် လိုအပ်သည့် နေရာများတွင် မြေကာနံရံများ ပြုလုပ်ပေးပါရန်နှင့် အန္တရာယ်ရှိသည့် ကွေ့များတွင် အကာကွယ်တိုင် Guard Post များ စိုက်ထူထားပေးနိုင်ရန် မေးမြန်းချက်နှင့်ပတ်သက်၍ အဆိုပါ မိုင်းပွန်နှင့် လွိုင်လင်မြို့ကြား လမ်းအပိုင်း၏ တောင်အတက်အဆင်းနှင့် လမ်းအကွေ့များအား ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် လမ်းညွှန်သတိပေးဆိုင်းဘုတ်များ၊ လမ်းအကာအကွယ်တိုင်များနှင့် မြေကာနံရံများ၊ မြေထိန်းနံရံများ ဆောင်ရွက်လျက်ရှိပါသည်။ ကျန်ရှိသော နေရာများအားလည်း ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

ပို့ဆောင်သက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဌာနကော်မတီ (Delivery Unit)သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှု အခြေအနေများ

၁။ ဝေါမြို့နယ် စစ်တောင်းမြစ်အနောက်ဘက်ခြမ်းရှိ တနော်ကျွန်းကျေးရွာနှင့် အညာစုကျေးရွာများသည် နှစ်စဉ် စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုသည့်ဒဏ်ကိုခံစားရသဖြင့် ယခုအချိန်အထိ အိမ်ထောင်စု (၃၆)စုအား ဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားခဲ့ရပြီး ရေတိုက်စားမှုကြောင့် တဖြည်းဖြည်းကမ်းပြိုလာပြီး လက်ရှိအချိန်တွင် စိုးရိမ်ရသည့်အခြေအနေသို့ရောက်ရှိနေသဖြင့် အမြန်ဆုံးဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ဝေါမြို့နယ် စစ်တောင်းမြစ်တစ်ဖက်ကမ်းရှိ တနော်ကျွန်းကမ်းပြို ကာကွယ်ရေးအတွက် ဤဦးစီးဌာနမှ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ ကမ်းပြိုကာကွယ်ရေးအတွက် နှစ်တန်းသွားမျောတိုင်တန်း ကျောက်ဖြည့်ရေကာ ၅၀၀ မီတာ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ရန်ပုံငွေခေါင်းစဉ်အောက်တွင် ထည့်သွင်းရေးဆွဲတောင်းခံပြီး မိမိဦးစီးဌာန၊ ဒေသရုံးများမှ နည်းပညာပံ့ပိုး၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ ရွှေကျင်မြို့နယ် ကျက်သရေဆောင်သမိုင်းဝင် အရှေ့မဟာဗုဒ္ဓဘုရားကြီး စေတီတော်၏ တောင်ဘက်အရပ်ရှိ ရွှေကျင်ချောင်းကမ်းပါးသည် ရွှေကျင်ချောင်းနှင့် မဒမချောင်းတို့မှ ချောင်းရေတိုက်စားမှုကြောင့် လွန်ခဲ့သည့် နှစ်(၂၀)ခန့်မှစ၍ ကမ်းပါးပြိုလျက်ရှိရာ အန္တရာယ်ရှိလာခြင်းတို့ကြောင့် ရွှေကျင်ချောင်းကမ်းထိန်းနံရံ တည်ဆောက်နိုင်ရေးခွင့်ပြုပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် သမိုင်းဝင်အရှေ့မဟာဗုဒ္ဓဘုရားကြီးစေတီ၏ ရွှေကျင်ချောင်းနှင့် မဒမချောင်းတို့မှ ချောင်းရေတိုက်စားမှုကြောင့် ဤဦးစီးဌာနမှ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ လိုအပ်သော (Design) ရေးဆွဲမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အပေါ်မူတည်၍ ဆောင်ရွက်သင့်သည့် အစီအမံများအား မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးရန်ပုံငွေမှ သုံးစွဲဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီး အစိုးရထံတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

ဂျီတီအိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၈)ကြိမ်မြောက်အာစရိယပူဇော်ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဂျီတီအိုင်ကျောင်းပေါင်းစုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ ဂျီတီအိုင်ကျောင်းများမှ အငြိမ်းစားယူသွားကြသော အသက်(၆၀)နှစ်ပြည့် ဆရာကြီး၊ ဆရာမကြီးများအား (၁၈)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ (MCC)ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဆက်သွယ်စုံစမ်းနိုင်သည့်ပုဂ္ဂိုလ်များ-

ဦးငြိမ်းအောင်	(အင်းစိန်ဂျီတီအိုင်)	ဖုန်း-၀၉-၅၁၁၁၂၆၅
ဦးတင်အေး	(ပြည်ဂျီတီအိုင်)	ဖုန်း-၀၉-၅၀၀၃၇၈၂
ဦးကျော်ကျော်စိုး	(မန္တလေးဂျီတီအိုင်)	ဖုန်း-၀၁-၅၀၅၉၆၉
ဦးကြည်လင်း	(အင်းစိန်ဂျီတီအိုင်)	ဖုန်း-၀၉-၅၀၀၆၃၆၅
ဦးထွန်းမြင့်	(တောင်ငူဂျီတီအိုင်)	ဖုန်း-၀၉-၈၃၀၂၁၁၃
ဦးညိုဝင်း	(မန္တလေးဂျီတီအိုင်)	ဖုန်း-၀၉-၂၀၀၃၂၆၀
ဦးမျိုးချစ်	(ချောက်ဂျီတီအိုင်)	ဖုန်း-၀၉-၇၃၁၁၄၅၆၈
ဦးတင်လှိုင်	(အင်းစိန်ဂျီတီအိုင်)	ဖုန်း-၀၁-၅၃၀၀၁၆
ဦးယုကြည်	(ကလောဂျီတီအိုင်)	ဖုန်း-၀၉-၄၉၂၆၄၂၃
ဦးထွန်းစံ	(မုံရွာဂျီတီအိုင်)	ဖုန်း-၀၉-၂၁၁၀၅၄၆
ဦးဆောင်းဦး	(ဟသ်ာတဂျီတီအိုင်)	ဖုန်း-၀၉-၅၁၇၁၁၁၂
ဒေါ်မိုးစံ	(မိတ္ထီလာဂျီတီအိုင်)	ဖုန်း-၀၉-၇၃၀၃၂၇၈၇

ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ ကြိုတင်ဆက်သွယ်ရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောဘင်းများ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ရန်-

(ရန်ကုန်ရုံး)	ဦးခင်ဇ	ဖုန်း- ၀၁-၅၁၉၈၆၃၊ ၀၉-၈၆၂၆၈၈၅
(မန္တလေးရုံးခွဲ)	ဦးစိုးမြင့်	ဖုန်း- ၀၂-၆၁၈၄၈၊ ၀၉-၄၀၂၅၈၃
(နေပြည်တော်ရုံးခွဲ)	ဦးဆန်းမင်းညီ	ဖုန်း- ၀၆၇-၄၃၂၄၃၁၊ ၀၉-၄၉၂၀၀၅၇

သစ်တောဦးစီးဌာနတည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာန၊ မွန်ပြည်နယ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ဝန်ထမ်းအိမ်ရာ (၂)ခန်းတွဲ တစ်ထပ် တစ်လုံးနှင့် ယိုးပင်(၅၀၀၀)ဆုံ ယိုးဥယျာဉ်နှင့် ရေစင်၊ ခြံစည်းရိုးတည်ဆောက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။	**တည်နေရာ**	**လုပ်ငန်း**
	(က) ရေးမြို့နယ်	နှစ်ခန်းတွဲတစ်ထပ် ပေ (၄၅×၃၀)သွပ်မိုး၊ အုတ်ကာ
	(ခ) ရေးမြို့နယ်	ယိုးဥယျာဉ် ပေ (၄၄×၄၄)
၃။	တင်ဒါစတင်ရောင်းချမည့်ရက်	- ၁၆-၁၂-၂၀၁၃ ရက်
	တင်ဒါပိတ်မည့်ရက်နှင့်အချိန်	- ၂၂-၁၂-၂၀၁၃ ရက်

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန
မွန်ပြည်နယ်၊ မော်လမြိုင်မြို့။
ဖုန်း- ၀၅၇-၂၄၆၆၈

အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ



ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
စက်ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လုပ်ငန်းလိုအပ်ချက်အရ အောက်ဖော်ပြပါ စက်ပစ္စည်းများအား ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

(က) ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ

1. 70 Meter Guyet Tower	1 Set
2. 30KVA Generator (FG Wilson)	1 Set
3. Tape and Disc	
(a) CD RW Rewriteable CD with Box	100 Nos
(b) CD R Recordable CD with Box	4100 Nos
(c) Cassette Tape(C-60)	1500 Nos
4. TV Spare Part	
(a) UTV 020 TR (PA Driver for AGBE)	5 Nos

(ခ) ရုံးသုံးစက်ကိရိယာပစ္စည်းများ

1. Head Set (Ear Phone)	20 Set
2. Floor Standing Type Aircon(5Ton, 400V, 3Ø, 50Hz)	8 Set
3. Floor Standing Type Aircon(3.5 Ton, 400V, 3Ø, 50Hz)	2 Set
4. Dehumidifier (20 Lit/ day)	20 Set
5. Compressor(Carrier, 06 ET-299-360)(Semi Hermastic Type)	2Nos
6. Compressor(Carrier, 06 ET-265-360)(Semi Hermastic Type)	2 Nos
7. 250 KVA Stand by Generator(Open type)(FG Wilson)	1 Unit
8. 100 KVA Generator(Sound proof type)(FG Wilson)	1 Unit

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁၂-၂၀၁၃ ရက်မှစတင်၍ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁၂-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းအမျိုးအစားစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

၅။ ဈေးနှုန်းစိစစ်မှုကို ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)
ပြန်ကြားရေးဝန်ကြီးဌာန၊ ဖုန်းအမှတ်-၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၀၇၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရုပ်ကွက် အမှတ် ၄၇၊ မြေကွက်အမှတ် ၁၀၃၁(က)၊ မြေကွက်တည်နေရာ အမှတ်(၁၀၃၁/က)၊ သရဖီ(၁)လမ်း၊ရွှေပြည်သာ (ဒေါ်စန်းစန်းမော်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်စန်းစန်းမော် [၁၂/လမန(နိုင်)၀၀၅၃၁၄] ကိုယ်တိုင်မှ ပါမစ်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် (၆၀)မြေငှားစာချုပ်(၈ရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေပြီး ကြာရှည်စွာမပျောက်မပျက်တည်မြဲနေနိုင်သည့် အော်ဂဲနစ်ဒြပ်ပစ္စည်းများဆိုင်ရာ စတော့ဟုမ်းကွန်ဗင်းရှင်း အကောင်အထည်ဖော်မှုအတွက် ဦးစွာအဆင်သင့်ပြေလွယ်ကူစေမည့် နည်းပညာထောက်ပံ့မှုစီမံကိန်း (Enabling Activities to facilitate early action on the Implementation of the Stockholm Convention on Persistent Organic Pollutants- POPs in Myanmar)ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အပံ့အဖွဲ့ (Global Environment Facility-) ၏ ငွေကြေးအကူအညီဖြင့် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (United Nations Industrial Development Organization-)နှင့် စတင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

၂။ အဆိုပါ စီမံကိန်းကာလမှာ (၂) နှစ်ဖြစ်ပြီး စီမံကိန်းဆိုင်ရာလုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် အရည်အချင်းပြည့်မီသည့် National Project Coordinator (NPC) (၁)ဦးလစ်လပ်လျက်ရှိပါသည်။ သတ်မှတ်အရည်အချင်းပြည့်မီသည့် စိတ်ပါဝင်စားသူများ ကိုယ်ရေးရာဇဝင် အသေးစိတ်အချက်အလက်များနှင့်အတူ ၂၀၁၃ခုနှစ် ဒီဇင်ဘာလ၃၀ရက် နောက်ဆုံးထား ပေးပို့လျှောက်ထားနိုင်ပါသည်။

(က) သတ်မှတ်အရည်အချင်း

(၁) M.E (Chemical) သို့မဟုတ် M.Sc/Ph.D (Industrial Chemistry-IC) သို့မဟုတ် Ph.D (Chemistry) သို့မဟုတ် ဓာတုဗေဒပစ္စည်းနှင့်ဆက်စပ်သည့် အလားတူ မဟာဘွဲ့/ပါရဂူဘွဲ့ ရရှိသူဖြစ်ပြီး သက်ဆိုင်ရာ ဘာသာရပ် နယ်ပယ်၊ ရုံးလုပ်ငန်းစီမံခန့်ခွဲခြင်းနှင့် ငွေစာရင်းစီမံခန့်ခွဲခြင်းဆိုင်ရာ အတွေ့အကြုံရှိသူ (အနည်းဆုံးလုပ်သက် ၅ နှစ်)ဖြစ်ရပါမည်။ အဖိုးရဝန်ထမ်း မဟုတ်သူဖြစ်ရပါမည်။

(၂) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရပါမည်။

(၃) အင်္ဂလိပ်ဘာသာဖြင့် ရေးသားနိုင်သူ၊ ပြောဆိုဆက်သွယ်နိုင်သူဖြစ်ရပါမည်။

(၄) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရပါမည်။

(ခ) တာဝန်ထမ်းဆောင်ရမည့်နေရာ- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ်(၅၃)၊ နေပြည်တော်

(ဂ) တာဝန်ထမ်းဆောင်ရမည့်ကာလ- (၂)နှစ်

(ဃ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရပါမည်။

(င) လျှောက်ထားသူသည် စီမံကိန်းညှိနှိုင်းရေးမှူး၏ တာဝန်ဝတ္တရားများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် တောင်းယူနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

- ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
ရုံးအမှတ်(၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၃၂၁၊ ဖက်စ်-၀၆၇-၄၃၁၃၂၂

- ညွှန်ကြားရေးမှူး (စီမံ)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
ရုံးအမှတ်(၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၃၄၂၊ ဖက်စ်-၀၆၇-၄၃၁၃၄၂/၄၃၁၃၂၄

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ ကျော်သူ (၁၈)လမ်း၊ အိမ်အမှတ်-၇၂၁ဟု ခေါ်တွင်သော နှစ် (၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလပိုင်ရှင်ဖြစ်သူ ဦးစိုးတင့်(AF-049386)ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးသန်းထွန်း [၉/တသန(နိုင်)၀၆၉၂၄၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်အား ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျူးခေါင် **ဦးရဲညွန့်**
တရားလွှတ်တော်ရှေ့နေ **ဘဏ်ဥပဒေအကျိုးဆောင်နှင့် အထက်တန်းရှေ့နေ**
(စဉ်-၄၂၈၀) **(စဉ်-၉၆၄၁)**

အမှတ်-၅၄၂၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ မေရှော့ပင်းစင်တာ၊
ပထမထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၉၆၉၀၃၊ ၀၉၅၁၁၄၅၅၅

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၆/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-134(2013-2014)	Spares for AB 100 Well Servicing Truck	(2) Items	US$
(၂)	IFB-135(2013-2014)	Spares for Blow Out Preventer Ex ZJ 70 L Drilling Rigs	(5) Items	US$
(၃)	IFB-136(2013-2014)	Universal Fuel Pump Test Stand	(1) No	US$
(၄)	IFB-137(2013-2014)	5 Ton Excavator (0.16 m3)	(2) Units	US$
(၅)	IFB-138(2013-2014)	25 Ton Excavator (1.2 m3)	(2) Units	US$
(၆)	IFB-139(2013-2014)	Rig Air Compressor	(1) Unit	US$
(၇)	IFB-140(2013-2014)	30 Ton Crawler Crane	(1) Unit	US$
(၈)	IFB-141(2013-2014)	8"& 6 1/2" Spiral Drill Collar	(2) Items	US$
(၉)	IFB-142(2013-2014)	Welding Electrode E 6011(30 Ton)	(1) Lot	US$
(၁၀)	IFB-143(2013-2014)	Spares for CAT D379 & CAT D399 Engines	(5) Items	US$
(၁၁)	IFB-144(2013-2014)	Drawworks Main Drum Brake Shoe Lining	(9) Items	US$
(၁၂)	IFB-145(2013-2014)	Portable Welding Machine with Complete Accessories(300AMP, Diesel Engine Driven)	(4) Units	US$
(၁၃)	IFB-146(2013-2014)	Heat Shrinkable Sleeve(1200 Rolls) Closure Patches(25000 Nos)	(4) Items	US$
(၁၄)	DMP/L-044(2013-2014)	Spares for F 1000 Rig Pump Ex D3T2 SR I & II	(11) Items	KS
(၁၅)	DMP/L-045(2013-2014)	Rotor Seals for ZJ 70 L SR I &II	(10) Items	KS
(၁၆)	DMP/L-046(2013-2014)	Electrical Spares for Caterpillar Gas Engine Lighting Set	(4) Items	KS

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၃-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင်မောင်ဝင်း(မိုးကုတ်) (၇၁)နှစ်
မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး စတင်တည်ထောင်သူ (အမေဖုံ)၏မြေး၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ တတိယမြောက်ဥက္ကဋ္ဌကြီး ဂုဏ်ထူးဆောင် နာယကကြီး [ဦးအောင်ကျော်-(နာယကကြီး) ဒေါ်စိန်စိန်]တို့၏သားကြီး၊ ဒေါ်မြတ် ညိ၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဥက္ကဋ္ဌကြီး ဦးတင်မောင်ဝင်းသည် ၁၃-၁၂-၂၀၁၃ ရက် ဗန်ကောက်စံတော်ခိုန် ၁ နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ်-၁၅၊ (စုရပ်တာဝန်ခံထားဝယ်မြို့)နှင့် တနင်္သာရီတိုင်းအဖွဲ့ခွဲများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင်မောင်ဝင်း(မိုးကုတ်) (၇၁)နှစ်
မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ

